# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၂၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၈.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၉ ဦးအနက် ၃၇ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၃ ရက်၊

(၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၄) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၅) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၇) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျော်ဝမ်း ခွင့် ၁ ရက်၊

(၉) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ခိုင် ခွင့် ၃ ရက်နှင့်

(၁၂) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီ ၁၈ ခု သက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့ ထည့်သွင်းတာဝန်ပေးအပ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများမှ ကော်မတီတစ်ခု အမည်ပြင်ဆင်ခြင်း၊ ကော်မတီ ၁၈ ခုသက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့ ထည့်သွင်းတာဝန်ပေးအပ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၅-၉-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏အမည်အား တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဟု ပြင်ဆင်သတ်မှတ်လိုက်ပါတယ်။

ပြည်သူ့လွှတ်တော်တွင် ၅-၉-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ၊ ကော်မတီ ၁၈ ခုရဲ့ သက်တမ်းကို တစ်နှစ်ပြည့်မြောက် သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၅-၉-၂၀၁၃ ရက်နေ့မှစ၍ နောက်ထပ် တစ်နှစ်တိုးမြှင့်သတ်မှတ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်အား နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းအသိပေးကြေညာပါတယ်။ တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့်အား ပြည်သူ့ငွေစာရင်းကော်မတီမှ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသို့လည်းကောင်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းအား နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီသို့လည်းကောင်း၊ ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝင် (ခ) ဦးကျန်တဲဝမ်အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသို့လည်းကောင်း၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းအား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ပညာရေးမြှင့်တင်မှုကော်မတီသို့လည်းကောင်း၊ ဒိုက်ဦးပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်းအား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီသို့လည်းကောင်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်အား သယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ ပြည်သူ့ငွေစာရင်းကော်မတီသို့လည်းကောင်း၊ လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုးအား ပညာရေးမြှင့်တင်မှုကော်မတီမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသို့လည်းကောင်း၊ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသို့လည်းကောင်း၊ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်ကြောင်းနှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးအား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်းအသိပေးကြေညာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဦးလင်းမြိုင်၊ သံအမတ်ကြီး(ငြိမ်း)အား ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းနှင့် ဒေါ်အေးအေးမူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အာဆီယံရေးရာဦးစီးဌာန၊

နိုင်ငံခြားရေးရာဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း အသိပေးကြေညာပါတယ်။

ဒါ့ကြောင့် တင်ပြခဲ့တဲ့ ကော်မတီတစ်ခုအမည်ပြင်ဆင်ခြင်း၊ ကော်မတီ ၁၈ ခု သက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်း ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၏အတည်ပြုချက်ရယူပါမယ်။ အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကော်မတီတစ်ခုအမည် ပြင်ဆင်ခြင်း၊ ကော်မတီ ၁၈ ခု သက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်း ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းခြင်းတို့ကို အတည်ပြုကြောင်းကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**ဖြောင့်မတ်မှန်ကန်သည့်တရားသူကြီးများ ရေရှည်တည်တံ့ခိုင်မြဲစွာရပ်တည်နိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်မ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေဖြစ်ပါတယ်ရှင်။ နောက်တစ်ခုကတော့ ကျွန်မ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီကနေ့မေးမြန်းမယ့် မေးခွန်းရဲ့ရည်ရွယ်ချက်ကတော့ စိတ်ရင်းစေတနာ

ကောင်းကောင်းမွန်မွန်နဲ့ပဲ ပြည်သူကိုဗဟိုပြုသော ပြည်သူကိုမှန်ကန်တဲ့ဥပဒေများနှင့် လာဘ်ပေး လာဘ်ယူကင်းရှင်းစွာနဲ့ ပြည်သူကိုကာကွယ်စောင့်ရှောက်လိုခြင်း၊ ပြည်သူကို ကာကွယ်စောင့်ရှောက် စေလိုခြင်း အဲ့ဒီလို ကာကွယ်စောင့်ရှောက်တဲ့နေရာမှာ ဖြောင့်မတ်မှန်ကန်တဲ့တရားသူကြီးများ ရေရှည်ခိုင်မာစွာ တိုင်းပြည်တာဝန်ကိုထမ်းဆောင်လိုစေတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်ရှင်။ ရိုသေ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးနှင့် ဒီပဲယင်းမြို့နယ် ဒုတိယတရားသူကြီး ဒေါ်စန္ဒာဝင်းတို့ဟာ အောက်ဖော်ပြပါ အချက်များနဲ့ ယာယီတာဝန်ကနေရပ်ဆိုင်းခြင်းခံခဲ့ရပါတယ်။

ဒီအတွက်ကြောင့် ၎င်းတို့နှစ်ဦးက ကျွန်မရဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရုံးကို အကြိမ်ကြိမ် စာတွေပို့ခြင်း၊ အကူအညီတောင်းခံခြင်း၊ ဖုန်းများနဲ့ဆက်သွယ်ပြီး မေတ္တာရပ်ခံခြင်းများနှင့်ပတ်သက်လို့ တစ်နှစ်တာကာလအတွင်းမှာ စဉ်းစားချင့်ချိန်ပြီး ဒီမေးခွန်းကိုလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီးမှ တရားသူကြီး ချုပ် ဦးစန်းကိုသည် အရာတော်မြို့နယ် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးအားလည်းကောင်း၊ ဒီပဲယင်းမြို့နယ်မှ ဒုတိယတရားသူကြီး ဒေါ်စန္ဒာဝင်းအားလည်းကောင်း အောက်ပါပြစ်ချက်များနဲ့ စွဲချက်တင်ပြီး တာဝန်မှရပ်ဆိုင်းခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မရဲ့ကြယ်ပွင့်ပြမေးခွန်း(၁)ကတော့ အရာတော်မြို့နယ် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးက (၁) အမှုစစ်သည့်အခါ ခေါင်းပေါင်းမပေါင်းဘဲအမှုစစ်ခြင်း၊ (၂) စာရေးက အမှုစစ်နေခြင်း၊ (၃) အမှုသည်များအားလုံးကို အိမ်ခေါ်ပြီးငွေတောင်းခံနေခြင်း၊ (၄) NLD ပါတီနဲ့ နိုင်ငံရေးလုပ်သည်ဟု ကျော်ဇောသတင်းများနဲ့စွဲချက်တင်ပြီး ၁၂-၁၁-၂၀၁၂ ရက်နေ့မှာ လက်ရှိ တာဝန်မှအဆင့်ချထားခြင်းမှာမှန်ပါသလား။

အထက်ပါ ၄ ချက်အပေါ် ခုံရုံးဖွဲ့စစ်ဆေးတဲ့နေရာမှာ ရရှိလာတဲ့ရလဒ်များအပေါ် ကျွန်မ အနေနဲ့မေးမြန်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုတရားသူကြီးချုပ်မှစပြီးတော့ အဆင့်ဆင့်သောတရားသူကြီးများသည် ပါတီနိုင်ငံရေးနဲ့ကင်းရှင်းစေရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါတယ်။ သို့သော် တရားသူကြီးတစ်ဦးဦးသည် တရားရုံးပြင်ပ၌သော်လည်းကောင်း၊ တရားရုံးအတွင်း၌သော် လည်းကောင်း ပါတီဝင်တစ်ဦးဦးနဲ့ဖြစ်စေ၊ ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးနဲ့ဖြစ်စေ စကားပြောဆိုခြင်းမပြုရဟုပြဋ္ဌာန်းခြင်းများရှိပါသလားရှင်။ ရှိမယ်ဆိုရင် အဲ့ဒီ ဥပဒေပုဒ်မကို ကျွန်မ

သိချင်ပါတယ်။ တကယ်လို့များမရှိဘူးဆိုရင်တော့ ဘာမျှမပြောလိုတော့ပါဘူး။ ရှိခဲ့တယ်ဆိုရင် ပြစ်ဒဏ်ရောမည်မျှရှိပါသနည်းလို့မေးချင်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တရားသူကြီး တစ်ဦးရဲ့ ဝတ်စားဆင်ယင်မှုအဆောင်အယောင်နဲ့ပတ်သက်ပြီး တရားခွင်အမှုစစ်ဆေးတဲ့နေရာမှာ တာဝန်ရှိတရားသူကြီးသည် ခေါင်းပေါင်းခြင်း/မပေါင်းမိခြင်း၊ ကျန်းမာရေးအရ ခေတ္တခွင့်တက်မှုနဲ့ ပတ်သက်ပြီး မည်ကဲ့သို့သောအရေးယူသည့်ပြဋ္ဌာန်းချက်များရှိပါသလား။ ရှိပါက ပုဒ်မဘယ်လောက် ဖြင့်အရေးယူပါသနည်း။ ပြစ်ဒဏ်ရောမည်မျှရှိပါသနည်း။ ဤအချက် ၄ ချက်နဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းတရားသူကြီးချုပ် ဦးစန်းကိုဟာ အရာတော် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးအား ဤအချက် ၄ ချက်နဲ့စွဲချက်တင်ပြီး ရာထူးမှယာယီရပ်ဆိုင်းလိုက်တယ်လို့သိရပါတယ်။

ထို့ကြောင့် ဦးမင်းသော်ထွေးအား အထက်ပါစွဲချက်များအပေါ် တရားသူကြီးများက တာဝန် ရပ်ဆိုင်းခြင်းအပေါ် မည်သည့်အတွက်၊ မည်သည့်ပြစ်မှုများနဲ့ရပ်ဆိုင်းပါသနည်း။ အကယ်၍ ဤအမှုသည် ပြန်လည်ပေးအပ်ဖို့ရှိပါက မည်သည့်အချိန်တွင် အရာတော်မြို့နယ် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးကို တာဝန်အမြန်ဆုံးပေးအပ်ပါမည်နည်း။ အကယ်၍ တာဝန်ပေးအပ်ရန်မရှိပါက လည်း ၎င်းစစ်ဆေးထား သောစစ်ဆေးချက်များမှ မည်သည့်အချက်များကြောင့်ဖြစ်ပါသနည်း။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အလားတူပဲ ဒီပဲယင်းမဲဆန္ဒနယ်မှ ဒေါ်စန္ဒာဝင်းဟာလည်း ဒုတိယမြို့နယ်တရားသူကြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်ခန့်က ၎င်း ဒုတိယတရားသူကြီး ဒေါ်စန္ဒာဝင်း ရဲ့လက်အောက်မှာရှိတဲ့ စာရေးမကြီး ဒေါ်စိန်ဟာ အမှုသည်တစ်ဦးဆီက ငွေ ၁၀၀၀၀ ကောက်ခံခြင်း အားဖြင့် ထိန်းချုပ်ကွပ်ကဲမှုညံ့ဖျင်းသောအမှုနဲ့ တရားသူကြီးချုပ်ကနေပြီးတော့ တာဝန်ကရပ်ဆိုင်းခဲ့ပါ တယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း ဒေါ်စန္ဒာဝင်းက ကျွန်မနဲ့မတွေ့ဖူးပေမယ့် ဖုန်းနဲ့အကြိမ်ကြိမ် အကူအညီတောင်းခံပြီး သူ့ရဲ့လုပ်သက် ကျောင်းဆရာမလုပ်သက် ၈ နှစ်၊ တရားသူကြီးလုပ်သက် ၅ နှစ်၊ စုစုပေါင်း ၁၃ နှစ်အပေါ်မှာ အမျိုးသမီးတစ်ယောက်အနေနဲ့ စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့ပြီး အခွင့်အရေးတွေဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်သမ္မတကြီးထံလည်းကောင်း၊ တရားသူကြီးချုပ်ထံ လည်းကောင်း၊ တိုင်းတရားသူကြီးထံလည်းကောင်း အကြိမ်ကြိမ်အသနားခံစာတင်ပြခဲ့သော်လည်း ယနေ့အချိန်ထိ သူဟာ အလုပ်ပြုတ်ပြီး ဘဝတစ်ခုလုံးဆုံးရှုံးပြီး အမျိုးသမီးအခွင့်အရေးတွေဆုံးရှုံးခဲ့ပြီး သားသမီးများနှင့် မိသားစုဘဝဆုံးရှုံးခဲ့တယ်လို့ ကျွန်မကို အကြိမ်ကြိမ်ဖုန်းနဲ့မေတ္တာရပ်ခံတင်ပြခဲ့ပါ တယ်။ ဒီအမှု ၂ မှုအပေါ်မှာ အောက်ခြေဝန်ထမ်းလာဘ်စားလို့ အထက်အရာရှိကအုပ်ချုပ်မှုညံ့ဖျင်း တယ်ဆိုပြီး အလုပ်ဖြုတ်ပစ်တဲ့အမှုဟာဖြစ်သင့်ပါသလား။ တစ်နည်းအားဖြင့် ဘလက်ကာယအမှုတစ်ခု ကိုကျူးလွန်သော အမျိုးသားတစ်ဦးကိုကျူးလွန်ကြောင်း သက်သေအထောက်အထားခိုင်လုံစွာနဲ့

တရားသူကြီးတစ်ဦးဟာ သေဒဏ်ပေးခဲ့မယ်ဆိုရင် ၎င်းကိုမွေးမြူအုပ်ချုပ်ထားသော မိဘနှစ်ပါးသည်လည်း သေဒဏ်ထဲမှာတစ်ခါတည်းအပါအဝင် ပြစ်မှုပြစ်ဒဏ်ခံရဖို့ရှိမယ်မထင်ပါဘူးရှင်။ ဒါကြောင့် ဒီအမှုများနှင့်ပတ်သက်ပြီး ကောင်းမွန်တဲ့တရားသူကြီးများ၊ ပြည်သူကိုခန့်ခန့်ညားညား သစ္စာရှိ အလုပ်အကျွေးပြုနိုင်ဖို့အတွက် အကယ်၍များပြန်လည်ခန့်အပ်ဖို့ စိစစ်ပြီးတာဝန်ပေးနိုင်မယ်ဆိုရင်ဖြင့် ကျွန်မတို့အနေနဲ့ ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဟာ အကျိုးရှိလိမ့်မယ်လို့ကျွန်မထင်ပါတယ်။

ဒါကြောင့် ဆက်လက်ပြီး ဒုတိယမေးခွန်းကို ကျွန်မမေးချင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိသော နန္ဒဝန်နယ်မြေအမှတ်(၂)၊ (၁၀)လမ်းမှာနေထိုင်တဲ့ ဒေါ်သန်းသန်းအေးဟာ (၂၆/၂၀၁၂) တရားနိုင်မှုဖြစ်ပါတယ်။ တရားမမှုကြီးကိုရင်ဆိုင်ခဲ့တာ ၁၀ နှစ်ကျော်ပါပြီရှင်။ အနိုင်ရရှိသွားပါပြီ။ သို့သော်လည်း ယနေ့အချိန်အထိ တရားသူကြီးချုပ်ကနေ မြေခွဲဝေပေးခြင်းမရှိမှုအပေါ်မှာ အကြိမ်ကြိမ်မေတ္တာရပ်ခံ တောင်းပန်လာတဲ့အတွက်ကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်းဖြစ်ပေါ်တဲ့အမှုများအပေါ်မှာ ပူးတွဲပြီး ဒီမေးခွန်းများကိုမေးရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းများဟာ ပကတိမြေပြင်အခြေအနေကိုလေ့လာသုံးသပ်ပြီး တရားမျှတမှုနှင့် လူ့အခွင့်အရေးကို အများကြီးလိုလားပါတယ်။ နောက်တစ်ခု ဒီထဲမှာပါဝင်နေတဲ့ အမျိုးသမီးတစ်ဦးဟာ မြန်မာနိုင်ငံရဲ့ မြန်မာအမျိုးသမီးကောင်းတစ်ဦးဖြစ်ပါတယ်။ သူရဲ့နစ်နာမှုများဟာ တိုင်းပြည်တစ်ပြည်လုံးအတွက် ဆုံးရှုံးသွားနိုင်ပါတယ်။ နောက် အရာတော် ဒုတိယတရားသူကြီး ဦးမင်သော်ထွေးဟာလည်း သူ့ရဲ့နစ်နာမှုများကို အကြိမ်ကြိမ် ကျွန်မကိုစာနဲ့တစ်မျိုး၊ ဖုန်းနဲ့တစ်ဖုံ အစီရင်ခံပြီးတောင်းခံလာမှုအပေါ် တစ်နှစ်ကျော်ကျော်ကြာတဲ့ကာလမှာမှ ကျွန်မ ဒီမေးခွန်းကို လေးလေးစားစားမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးအတွက် ကျွန်မ စေတနာ၊ မေတ္တာထားပြီး တရားဥပဒေမဏ္ဍိုင်ကောင်းမွန်စွာ ပြည်သူများအတွက် ရပ်တည်နိုင်ဖို့အတွက် ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးလေးစားစား မေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရာတော်မြို့နယ်မှ ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးကို လက်ရှိ တာဝန်မှအဆင့်ချထားခြင်းဆိုသည်မှာ မှန်ကန်ခြင်းမရှိပါကြောင်း ရှေးဦးစွာဖြေကြားအပ်ပါတယ်။ ၎င်းနှင့်ပတ်သက်ပြီးတော့ တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်မှုနဲ့ဆက်နွယ်ပြီးရရှိတဲ့ သတင်းအချက် အလက်များအပေါ်မှာ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ်မှာပဲ ၎င်းအား စစ်ကိုင်းတိုင်းဒေသကြီး တရား လွှတ်တော်သို့ ဒုတိယဦးစီးမှူးအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အမိန့်ကြော်ငြာစာအရ ပြောင်းရွှေ့နေရာချထားခဲ့ခြင်းသာဖြစ်ပါတယ်။ ဦးမင်းသော်ထွေးအပေါ်မှာ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်ကဖွဲ့စည်းပေးတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်အရ ဦးမင်းသော်ထွေးဟာ တရားခွင်မှာခေါင်းပေါင်းမပေါင်းဘဲအမှုစစ်ဆေးခြင်း၊ တရားခွင်မှာအချိန်ပြည့် ရုံးထိုင်စစ်ဆေးမှုမရှိဘဲ လက်အောက်ဖြင့်လွှဲအပ်ထားခြင်း၊ ပြင်ပပုဂ္ဂိုလ်များအား မိမိရုံးသတင်းကို ပြောဆိုခြင်းတို့ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရတဲ့အတွက် ထိုသို့ပြုလုပ်ပြောဆိုခြင်းတို့ဟာ တရားသူကြီး တစ်ဦးရဲ့ဂုဏ်သိက္ခာနဲ့ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ၎င်းအားသတိပေးတဲ့ ဝန်ထမ်း ဆိုင်ရာပြစ်ဒဏ်သာချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း မေးခွန်းအမှတ် (၁) နှင့်ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တရားသူကြီး ဦးမင်းသော်ထွေးကို စစ်ကိုင်းတိုင်းဒေသကြီး တရား လွှတ်တော်သို့ ဒုတိယဦးစီးမှူးအဖြစ်ပြောင်းရွှေ့နေရာချထားပြီးတဲ့နောက်ပိုင်းမှာ အရာတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်မှာနေတဲ့ ဦးကျော်ဝင်း၊ အထက်တန်းရှေ့နေ ဦးလင်းလင်းသန့်နှင့် ဦးတင်ညွန့်တို့က ၎င်းအပေါ်မှာတိုင်ကြားချက်ပြုလုပ်ခဲ့ပါတယ်။ တစ်ခါ ရှမ်းပြည်နယ် တာချီလိတ်ခရိုင်တရားရုံးမှာ ဦးမင်းသော်ထွေးဟာ ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်စဉ်ကလည်း ကျမ်းကျိန်လွှာမှာလက်မှတ် ရေးထိုးရန်ကိစ္စအတွက် ၎င်းကိုအရေးယူပေးဖို့ဆိုပြီး တာချီလိတ်မြို့နယ်က ဒေါ်နန်းစံဟွမ်ရဲ့တိုင်ကြား ချက်များနှင့် ရုံးစိုက်ရာဒေသမှ ခွင့်ပြုချက်မရှိဘဲ ထွက်ခွာတဲ့ကိစ္စရပ်များထပ်မံပေါ်ပေါက်လာခဲ့ပါ တယ်။ ယင်းကိစ္စရပ်များအပေါ်မှာ ဌာနဆိုင်ရာစစ်ဆေးမှုများပြုလုပ်ရန်အတွက် ၎င်းကို ၁၅-၅-၂၀၁၃ ရက်နေ့မှစပြီးတော့ တာဝန်ကနေပြီးတော့ ယာယီရပ်ဆိုင်းခဲ့ပါတယ်။ ယာယီရပ်ဆိုင်းပြီးတော့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းသာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာအရ ဦးမင်းသော်ထွေးဟာ အရာတော်မြို့နယ်တရားရုံးမှာတာဝန်ထမ်းဆောင်စဉ် အမှုနဲ့သက်ဆိုင်ခြင်း

မရှိတဲ့စကားများကို တရားခံရှေ့နေနဲ့မလိုအပ်ဘဲပြောဆိုခဲ့ခြင်း၊ အမှုသည်နှင့် ဆွေမျိုးတော်စပ်သူတို့က ၎င်း၏နေအိမ်ဝင်းအတွင်းမှာလာရောက်ပြီးတော့ ထန်းရွက်တဲဆောက်လုပ်ပေးခြင်းကို လက်ခံခွင့်ပြုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်မှာ ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်စဉ်က ဌာနဆိုင်ရာအကြီးအကဲရဲ့ခွင့်ပြုချက်မရဘဲ ရုံးစိုက်ရာဒေသမှထွက်ခွာခြင်းဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်တဲ့အတွက် တရားသူကြီးတစ်ဦးအနေဖြင့် မပြုသင့်မပြုအပ်သော ကျင့်ဝတ်စည်းကမ်းများကိုဖောက်ဖျက်ခဲ့ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ၎င်းကိုရာထူးတိုးမြှင့်ရန် အလှည့်ကျရောက်သည့်နေ့မှစပြီးတော့ ရာထူးတိုးမြှင့်ခြင်းကို ၁ နှစ်ရပ်ဆိုင်းတဲ့ ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကိုချမှတ်ခဲ့ပါတယ်။ နောက် တာချီလိတ်ခရိုင်တရားရုံးမှာ တာဝန်ထမ်းဆောင်စဉ်က ကျမ်းသစ္စာပြုရန်အရာရှိအဖြစ် ခန့်အပ်ခြင်းမခံရသေးမီမှာ အချုပ်တရားခံတစ်ဦးဖြစ်တဲ့ ဒေါ်ရင်မေပြုလုပ်တဲ့ကျမ်းသစ္စာပြုလွှာ ၂ စောင်မှာ ကျမ်းသစ္စာပြုခွင့်ရသူအရာရှိအဖြစ် လက်မှတ်ရေးထိုးပေးခြင်းဟာလည်း တည်ဆဲဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်းစိစစ်တွေ့ရှိရတဲ့အတွက် ၎င်းကို သတိပေးတဲ့ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပါတယ်။ အဲ့လို ပြစ်ဒဏ်ချမှတ်ပြီးတဲ့နောက်ပိုင်းမှာတော့ ၎င်းကို ၁၅-၅-၂၀၁၃ ရက်နေ့မှစပြီးတော့ တာဝန်မှယာယီရပ်ဆိုင်းတဲ့အမိန့်ကို ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် တာဝန်မှယာယီရပ်ဆိုင်းတဲ့ကာလကိုလည်း တာဝန်ထမ်းဆောင်ချိန်အဖြစ်သတ်မှတ်ပြီးတော့ မူလတာဝန်ဝတ္တရားများကို ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း မေးခွန်းအမှတ် (၂) နှင့်စပ်လျဉ်းပြီးတော့ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဒီပဲယင်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန္ဒာဝင်းနှင့်ပတ်သက်လို့ကတော့ ဒီမေးခွန်းများကို ကြိုတင်ပြီးပို့ထားခြင်းမရှိတဲ့အတွက် ကြိုတင်ရရှိခြင်းမရှိတဲ့အတွက် ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားခြင်းမပြုနိုင်ပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြအပ်ပါတယ်။

မေးခွန်းအမှတ် (၃) နှင့်ပတ်သက်လို့ကတော့ တရားနိုင် ဒေါ်သန်းသန်းအေးလျှောက်ထားတဲ့ တရားမဇာရီမှုဟာ ၁၀ နှစ်ကျော်ကြာပြီးတော့ ယနေ့အထိ ဆုံးဖြတ်ဆောင်ရွက်ရခြင်းမရှိသေးခြင်းကိစ္စကိုမေးမြန်းထားခြင်းဖြစ်ပါတယ်။ ဒေါ်သန်းသန်းအေးက တရားမကြီးအမှုစွဲဆိုတဲ့အခါမှာ အနိုင်ဒီဂရီရရှိခဲ့ပြီးတော့ ဇာရီမှုဖွင့်လှစ်ဖို့လျှောက်ထားခြင်းဖြစ်ပါတယ်။ တရားမကြီးအမှုအမှတ် (၂၃/၂၀၀၉) ကို စစ်ဆေးဆောင်ရွက်တဲ့နေရာမှာ ပဏာမဒီဂရီချမှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီ ချမှတ်ပေးခဲ့တဲ့ ပဏာမဒီဂရီကို တရားပြိုင်ဘက်ကနေပြီးတော့ အယူခံတင်သွင်းတဲ့အခါမှာတော့ ခရိုင်တရားရုံးကခွင့်ပြုတဲ့အတွက် အမှုကို ၃-၂-၂၀၁၀ ရက်နေ့မှာ ပြန်လည်စစ်ဆေးခဲ့ရပါတယ်။ အဲ့လို

စစ်ဆေးဆဲမှာပဲ ချမှတ်တဲ့အမိန့်များအပေါ်မှာ ခရိုင်တရားရုံးကိုပြင်ဆင်မှုနှစ်ကြိမ်တက်ရောက်ခဲ့ပြန်တဲ့အတွက် ထပ်မံကြန့်ကြာခဲ့ပါတယ်။ နောက် ဒေါ်သန်းသန်းအေးသည် ဖခင်နှင့် မိထွေးတို့အမွေရတဲ့ပစ္စည်းများအပေါ်မှာ စုစုပေါင်းသုံးပုံတစ်ပုံရထိုက်ကြောင်း ၁၅-၂-၂၀၁၁ ရက်နေ့မှာတော့ ပဏာမဒီဂရီချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖန် အဲ့ဒီပဏာမဒီဂရီကိုလည်း တရားရှုံး ဒေါ်ဖြူဥတို့က ခရိုင်တရားရုံးကိုအယူခံတက်ရောက်ခဲ့ပြန်တဲ့အတွက် အယူခံမှုမှာကြန့်ကြာခဲ့ပါတယ်။ တစ်ခါ ခရိုင်ရုံးကချမှတ်တဲ့အမိန့်အပေါ်မှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြင်ဆင်မှုတင်သွင်းခဲ့ပြန်ပါတယ်။ ပြင်ဆင်မှုတင်သွင်းခဲ့ရာမှာတော့မအောင်မြင့်တဲ့အတွက် ၂၃-၁၁-၂၀၁၁ ရက်နေ့မှာတော့ အပြီးသတ်ဒီဂရီချမှတ်ပြီးဖြစ်ပါတယ်။ အဲ့ဒီ အပြီးသတ်ဒီဂရီကို ဒေါ်ဖြူဥတို့က ခရိုင်တရားရုံးမှာ အယူခံတင်သွင်းတာလည်း မအောင်မြင်တဲ့အတွက် တစ်ခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြင်ဆင်မှုတစ်ခါတက်ရောက်ပြန်ပါတယ်။ အဲ့လို တက်ရောက်ရာမှာလည်း ၁၅-၈-၂၀၁၂ ရက်နေ့မှာ ပြင်ဆင်မှုကိုပလပ်ခဲ့ပါတယ်။ ဒါကြောင့် ဒေါ်သန်းသန်းအေးဟာ တရားရုံးမှာအနိုင်ဒီဂရီရရှိပြီးဖြစ်ပါတယ်။ ရရှိတဲ့ဒီဂရီကို အတည်ပြုဖို့အတွက် ၁-၂-၂၀၁၂ ရက်နေ့မှာ လျှောက်ထားတဲ့အခါမှာတော့ တရားရုံးက မြေအပ်ဝရမ်းထုတ်ဆင့်ဖို့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နောက် တရားမကြီးအမှုကို စတင်စွဲဆိုတဲ့နေ့က ၁၇-၂-၂၀၀၉ ရက်နေ့ဖြစ်ပြီးတော့ နှစ်ဦးနှစ်ဖက်ကအယူခံမှုတွေ၊ ပြင်ဆင်မှုတွေအဆင့်ဆင့်ခရိုင်တရားရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတင်သွင်းပြီးတော့ အဆုံးအဖြတ်ခံယူခဲ့ကြတဲ့အတွက် ၁၅-၈-၂၀၁၂ ရက်နေ့တွင်မှ အပြီးသတ်ဒီဂရီချမှတ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း မူလအမှုကြီးစွဲဆိုတဲ့နေ့ကစပြီးတော့ အပြီးသတ်ဒီဂရီချမှတ်တဲ့နေ့အထိအောင် ကြန့်ကြာတဲ့အချိန်က ၃ နှစ်ကျော်သာဖြစ်ပါကြောင်းနှင့် ၁၀ နှစ်ကျော်ကြန့်ကြာမှုမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်ဆက်လက်ပြီးတော့ စွဲဆိုတဲ့ဇာရီမှုဟာလည်း ၁ နှစ်ခန့်ပဲကြန့်ကြာပါသေးတယ်။ ဒီအမှုလည်း ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မေးခွန်းအမှတ် (၃) နှင့်စပ်လျဉ်းပြီးတော့ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုအဆင့်ဝင်ရဲ့ဖြေကြားချက်များကို အထူးပဲကျေးဇူးတင်ပါတယ်ရှင်။ ဖြေကြားတဲ့အထဲမှာ အရာတော်မြို့နယ် ဒုတိယတရားသူကြီး ဦးမင်းသော်ထွေးကို ယခုလက်ရှိ မူလတာဝန်များပြန်လည်ပေးအပ်ပြီးဖြစ်တယ်လို့ဖြေသွားပါတယ်။ ကျွန်မ နားကြားများလွဲသွားသလားလို့ ထပ်ပြီး Confirm လုပ်တာပါ။ နောက်တစ်ခုကတော့ ကျွန်မမေးတဲ့မေးခွန်း ၄ ခုထဲမှာ မေးခွန်း (၁)(၂)(၃) ကိုတော့ဖြေသွားပါတယ်။ ဒါပေမယ့် မေးခွန်း (၄) ဖြစ်သော NLD ပါတီနဲ့ဆက်သွယ်ဆောင်ရွက်သည့်အတွက် နိုင်ငံရေးလုပ်နေ

သည်ဟု ကျော်ဇောသတင်းဖြစ်ပါတယ်ဆိုပြီး စွဲချက် ၄ မှာပါထားပါတယ်။ အဲ့ဒါနှင့်ပတ်သက်ပြီး ကျွန်မ မေးတဲ့မေးခွန်း (၄) ကို ပြည်ထောင်စုဝန်ကြီးအဆင့်ဝင်ကဖြေမသွားလို့ ကျွန်မ ထပ်မံမေးခြင်းဖြစ်ပါတယ်ရှင်။ ဆက်လက်ပြီးတော့ ကျွန်မမေးတဲ့မေးခွန်းထဲမှာ ဒီပဲယင်းမြို့နယ်က ဒုတိယတရားသူကြီး ဒေါ်စန္ဒာဝင်းနှင့်ပတ်သက်ပြီး ကျွန်မကြိုတင်မတင်ခဲ့တာအမှန်ပါရှင်။ တောင်းပန်ပါတယ်။ သို့သော်ငြားလည်း ဒီကနေ့ ကျွန်မတင်ပါတယ်လို့ လွှတ်တော်ဥက္ကဋ္ဌကြီးက အသိအမှတ်ပြုပေးပြီးတဲ့နောက် ကျွန်မ မနက်ဖြန်မှာ ဒီကြယ်ပွင့်ပြမေးခွန်းကို လာမည့် အဌမအကြိမ် လွှတ်တော်မှာဖြေကြားနိုင်ဖို့ ကျွန်မက မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမင်းသော်ထွေးကို တာဝန်မှရပ်စဲထားတဲ့အမိန့်ကိုပယ်ဖျက်ပြီးတော့ တာဝန်ထမ်းဆောင်တဲ့အချိန်ကာလအဖြစ် ပြန်လည်သတ်မှတ်ပေးပြီးဖြစ်တာ အမှန်ပဲဖြစ်ပါကြောင်း ထပ်မံပြီးပြောကြားအပ်ပါတယ်။ နောက်တစ်ခါ မေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ မေးတဲ့မေးခွန်းမှာ အချက် ၄ ချက်မှန်ပါတယ်ခင်ဗျား။ အချက် ၄ ချက်မေးထားပါတယ်။ (၁) အချက်ကတော့ တရားသူကြီး ဦးမင်းသော်ထွေးဟာ အမှုစစ်တဲ့အခါမှာ ခေါင်းပေါင်းမပေါင်းတာရယ်၊ စာရေးကနေပြီးတော့ အမှုစစ်တာရယ်၊ အမှုသည်များကိုအိမ်ခေါ်ပြီးတော့ ငွေတောင်းတဲ့ကိစ္စရယ်။ နောက်တစ်ခါ NLD နဲ့ပူးပေါင်းပြီး နိုင်ငံရေးလုပ်တယ်လို့ ကျော်ဇောသတင်းရှိတာတွေနှင့်ပတ်သက်ပြီးတော့ စွဲချက်တင်ပြီးတဲ့နောက်မှာ ၁၂-၁၂-၂၀၁၂ ရက်နေ့မှာ လက်ရှိတာဝန်မှအဆင့်ချထားခြင်းမှန်ပါသလားလို့မေးမြန်းထားပါတယ်။ အဲ့ဒါနှင့်ပတ်သက်ပြီးတော့ လက်ရှိအဆင့်မှ တာဝန်ချထားခြင်းမဟုတ်ပါကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ နောက်အချက် ၄ ဖြစ်တဲ့ NLD နဲ့ပူးပေါင်းတယ်ဆိုတဲ့ကိစ္စနဲ့စွဲချက်တင်ခြင်းမဟုတ်ပါဘူး။ အမှုစစ်တဲ့အခါမှာ ခေါင်းပေါင်းမပေါင်းတာ၊ အမှုစစ်ဆေးတာ၊ အမှုသည်တွေကိုအိမ်ခေါ်တာစသည်ဖြင့် ဒီကိစ္စတွေအပေါ်မှာ စွဲချက်တင်ပြီးတော့မှ စုံစမ်းစစ်ဆေးခြင်းသာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျွန်တော် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ဒီအမှုကိစ္စဟာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီနဲ့ဆိုင်တဲ့ အမှုကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ကိုတင်ပြခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး ကျင်းပနေတဲ့အချိန်မှာ အရာတော်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းသော်ထွေးနှင့် ရဟန်းတစ်ပါး၊ လူပုဂ္ဂိုလ် သက်သေ ၁၀ ယောက်လောက်က ပြည်သူ့လွှတ်တော်ဝင်းထဲမှာရှိတဲ့

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အဆောင်(I-12) ကိုလာရောက်ခဲ့ပါတယ်။ ရောက်ပြီးမှ စစ်ကိုင်းတိုင်းတရားသူကြီးချုပ်ရဲ့ ခုနက ကိုယ်ကျင့်တရားပျက်ပြားမှု၊ လာဘ်ပေးလာဘ်ယူမှုစတဲ့ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီးတော့မှ ကိုယ်တိုင်ကိုယ်ကျလာရောက်တိုင်ကြားခဲ့ပါတယ်။ တိုင်ကြားခဲ့တဲ့တိုင်ကြားချက်တွေကို အမှုတွဲတစ်ခုဖွင့်ပြီးတော့မှ ကျွန်တော်ကိုယ်တိုင် ဥက္ကဋ္ဌကြီးရဲ့လက်ထဲကို လာတင်ပြခဲ့ပါတယ်။ တင်ပြခဲ့ပြီးတော့မှ ဒါနှင့်ပတ်သက်ပြီး ခုနက စစ်ကိုင်းတိုင်းတရားသူကြီးချုပ်ရဲ့ ကိုယ်ကျင့်တရားပျက်ပြားမှုတွေက ဒီလွှတ်တော်ထဲမှာ ကျွန်တော်တင်ပြဖို့မသင့်လို့ ကျွန်တော်မတင်ပြပါဘူးခင်ဗျား။ လူမှုရေးအရဖောက်ပြားမှုတွေ၊ ကိုယ်ကျင့်တရားပျက်ပြားမှုတွေ များလွန်းအားကြီးပါတယ်ခင်ဗျား။ အဲ့ဒါနဲ့ ကျွန်တော်က ဒါတွေကို လိုအပ်သလိုစုံစမ်းစစ်ဆေးပေးဖို့အတွက်ကို ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် နောက် အဲ့ဒီကတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနကို စာပို့ခဲ့ပါတယ်။ စာပို့ခဲ့တော့ သို့သော်လည်းပေါ့လေ။ အခု သတ္တမအကြိမ် ပုံမှန်အစည်းအဝေးပြီးတော့မယ့်အချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာနကနေဖြေနိုင်ခြင်းရှိ/မရှိ အကြောင်းမပြန်သေးလို့မို့လို့ အဲ့လိုရှိပါတယ်။ မိန်းကလေးတစ်ယောက်က ထပ်ပြီးတော့မှ နေပြည်တော်ရောက်လာပါတယ်။ စစ်ကိုင်းတိုင်းတရားသူကြီးချုပ်ရဲ့ ကိုယ်ကျင့်တရားပျက်ပြားမှုနှင့်ပတ်သက်ပြီးတော့ ကိုယ်တိုင်တိုင်ကြားလိုပါတယ်ဆိုပြီးတော့ လာတာရှိပါတယ်။ မသိဂီဝင့်လို့ထင်ပါတယ်။ ကျွန်တော် အဲ့ဒီတုန်းကတော့ ကော်မတီ/ကော်မရှင် အစည်းအဝေးတက်နေလို့မို့မတွေ့နိုင်ခဲ့ပါဘူး။ အဲ့ဒါနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုခွင့်တောင်းပြီးတော့မှ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီ၊ တရားစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ၃ ခုကနေပြီးတော့မှ အတွင်းရေးမှူးများဦးဆောင်တဲ့အဖွဲ့နဲ့ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာ ဒီစစ်ကိုင်းတိုင်းကို ဒီအမှုကိုကွင်းဆင်းပြီးတော့မှ ပြန်ပြီးတော့စုံစမ်းစစ်ဆေးခဲ့ပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော် ကနဦး ပြန်တင်ပြလိုပါတယ်။ ဦးမင်းသော်ထွေးက ဒုတိယမြို့နယ်တရားသူကြီးဖြစ်ပါတယ်။ လွှတ်တော်ထဲလာတိုင်တဲ့ အချိန်တုန်းက ဒါကို သူ့ရဲ့ထွက်ဆိုချက်တွေကို တစ်ခါတည်းသတင်းဂျာနယ်တွေမှာထည့်ပေးပါ။ အထူးသဖြင့် 7-Days ဂျာနယ်မှာပါအောင်ထည့်ပေးပါဆိုပြီးတော့ ဂျာနယ်မှာထည့်ပေးခဲ့ပါတယ်။ ပေးတဲ့အခါမှာလည်း ခုနက တရားသူကြီးချုပ်ရဲ့အကျင့်တရားပျက်ပြားမှုက ဂျာနယ်တွေမှာ ပလူပျံနေခဲ့ပါတယ်။ ပျံနေခဲ့ပါတယ်။ သို့သော် အခုအချိန်သွားစစ်တဲ့အခါကျတော့ သူ့မှာ ခန့်မှန်းချက်ပါ။ နည်းနည်းလေး အကြောက်များတရားဝင်နေတဲ့ပုံပေါ်နေပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ထွက်ဆိုချက်ကတော့ ယခင်နဲ့ပြောင်းလဲမှုသိပ်မရှိပါဘူး။ သို့သော်လည်း နည်းနည်းကြောက်နေတဲ့ပုံပေါ်နေပါတယ်။ အဲ့ဒီအမှုတွဲတွေကို ကျွန်တော်တို့က အခုမှ

စာစီစာရိုက်လုပ်နေတုန်းဖြစ်ပါတယ်။ ပြီးတဲ့အချိန်မှာ ဥက္ကဋ္ဌကြီးထံကိုသီးခြားတင်ပြပေးပါ့မယ်။ ဒါကြောင့်မို့လို့ ဒါနှင့်ပတ်သက်ပြီးတော့ ခုနက ခေါင်းပေါင်းမပေါင်းဘူးဆိုတာလည်း အင်မတန်ပူပြင်းတဲ့မေလ၊ ဇွန်လ အပူချိန် ၄၅ ဒီဂရီလောက်ဖြစ်နေတဲ့အချိန်မှာ ခေါင်းပေါင်းချွတ်မိပါတယ်လို့ ပြောပါတယ်။ သို့သော်လည်း ရာထူးမချဘူးဆိုတာလည်းပဲ ဒုတိယမြို့နယ်တရားသူကြီးကနေပြီးမှ ဒုတိယဦးစီးမှူးအဖြစ်နဲ့ခေါ်ပြီးမှ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်မှာ အလုပ်မရှိဘဲနဲ့ အခန်းတစ်ခန်းပေးပြီး ထားတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် တောက်လျှောက်ဖုန်းနဲ့တိုင်နေတာ ကျွန်တော်တို့ လက်ခံရရှိနေပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့မှ ဦးမင်းသော်ထွေးမှ အမှန်တကယ်ပဲ ဌာနဆိုင်ရာစည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှုရှိလို့ရှိရင် အရေးယူသလိုပဲ စစ်ကိုင်းတိုင်းတရားသူကြီးချုပ်အပေါ်ကိုလည်း ထိရောက်တဲ့စုံစမ်းစစ်ဆေးမှုပြုပြီးတော့မှ အရေးယူမှုပြုသင့်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်ကို ကျွန်တော်တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်လွဲ့လွဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လူတစ်ဦးရဲ့ အသက်ခန္ဓာနှင့် ဂုဏ်သိက္ခာသည် မိမိကိုယ်မိမိစောင့်ထိန်းရာ၏လို့ဆိုထားပါတယ်ရှင်။ အသက်ခန္ဓာသည်အချိန်မရွေးကျေပျက်သွားလွယ်ပါတယ်။ ဂုဏ်သိက္ခာသည် ဥဒါန်းမကျေရှိတတ်ပါတယ်လို့ စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့်ဝင်လူကြီးရဲ့ မူလတာဝန်ကို ဦးမင်းသော်ထွေးကို တာဝန်ပေးအပ်ပြီးဖြစ်ပါတယ်ဆိုတဲ့နေရာမှာ မနေ့ကညက ၁၁ နာရီထိုးအထိ ဦးမင်းသော်ထွေးဟာ တာဝန်ရပ်ဆိုင်းခြင်းခံထားရကြောင်း ကျွန်မထံကိုဖုန်းနဲ့ နေပြည်တော်ကို အကြောင်းကြားပါတယ်။ ဒါကြောင့် ကျွန်မ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအဆင့်ဝင်ပုဂ္ဂိုလ်ကြီးအား မေတ္တာရပ်ခံပါတယ်။ စာနဲ့ထုတ်ပြီး အလုပ်ကရပ်နားထားတဲ့သူကို ပြန်ခန့်မယ်လို့ တရားဝင်ပြောပြီးတဲ့အတွက်ကြောင့်မို့လို့ ၎င်းရဲ့ဂုဏ်သိက္ခာတစ်ခုအတွက် စာနဲ့ထပ်မံထုတ်ပြီး ခန့်အပ်ပေးဖို့ ကျွန်မ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**စက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်လျက်ရှိသော အရင်းအနှီးများ၊ နည်းပညာများကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ခန်းမအတွင်းရောက်ရှိနေတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးစိန်မြင့်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် တစ်ဦး လည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူများရဲ့ စားဝတ်နေရေး နှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အနေနဲ့ လယ်ဆည်ဝန်ကြီးဌာနအနေနဲ့ လယ်သမားများရဲ့ စိုက်ပျိုး စရိတ်ချေးငွေတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ နည်းပညာတွေ၊ အခွင့်အလမ်းတွေ၊ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကိုကူးပြောင်းဖို့အတွက်လည်း အဘက်ဘက်မှ ပံ့ပိုးနေတာတွေတွေ့တဲ့အတွက် အားရ ဝမ်းသာကြည်နူးမိပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့လည်း ပြည်တွင်း/ပြည်ပအရင်းအနှီးများ၊ ချေးငွေများရယူပြီးတော့ ကျွန်တော်တို့ ပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ အရင်းအနှီး တွေရရှိအောင် သမဝါယမ ငွေစုငွေချေးအဖွဲ့တွေဖွဲ့ပြီးတော့ ပြည်သူများကို အတိုးနှုန်းနည်းစွာနှင့် ချေးပြီးတော့ မိမိတို့ရဲ့အလုပ်အကိုင် မော်တော်ယာဉ်အငှားဘဝကနေ ယာဉ်ပိုင်ရှင်ဘဝရောက်အောင် မော်တော်ဆိုင်ကယ်ကယ်ရီဆွဲတဲ့သူတွေ ဆိုင်ကယ်ပိုင်ဆိုင်အောင်၊ ဆိုက်ကားနင်းတဲ့လူတွေ ဆိုက်ကား ပိုင်အောင် နည်းမျိုးစုံနဲ့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ဆွေးနွေးပြီးတော့ ပြည်သူတွေရဲ့ အခွင့်အလမ်းတွေကိုဆောင်ရွက်နေတာတွေ့ရတဲ့အတွက်လည်း ထပ်လောင်းပြီးတော့ ပြည်သူများ ကိုယ်စား ကြည်နူးမိပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိ မေးချင်တာကတော့ စက်မှုလက်မှုလုပ်ငန်း ရှင်များဖြစ်တဲ့ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းရှင်များသည် ခေတ်အဆက်ဆက်ပံ့ပိုးကူညီ မှု၊ အရင်းအနှီးချေးငွေ၊ နည်းပညာအခွင့်အလမ်းတွေ ကျွန်တော်တို့တွေ မရရှိခဲ့ပါဘူး။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးလွှမ်းခြုံ၍ စက်မှုလက်မှုလုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းရှင်များအတွက် စက်မှုဝန်ကြီး နိုင်ငံတော်အနေနဲ့ အရင်းအနှီး၊ နည်းပညာများ၊ အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်များရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပါတယ်။ ယခု ကျွန်တော်ဟာ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်ရဲ့ ပြည်တွင်းလုပ်ငန်းများဖြစ်တဲ့ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများနှင့်ပတ်သက်၍ မည်ကဲ့သို့ပံ့ပိုးကူညီရန် အစီအစဉ်များရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါ တယ်ခင်ဗျား။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဟာ အဓိကမောင်းနှင်အားဖြစ်တဲ့အတွက်ကြောင့် ၎င်းလုပ်ငန်းများကို အကျိုး ပြုနိုင်မယ့် မူဝါဒနှင့်ဥပဒေများ၊ မြင့်မားသောရင်းနှီးမြှုပ်နှံမှု၊ အဆင့်မြင့်နည်းပညာ၊ ဈေးကွက်၊ အလုပ်အကိုင်ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုနည်းစနစ်များ ပံ့ပိုးပေးနိုင်ရေးအတွက် စွန့်ဦးတီထွင်လုပ်ငန်း များကို တိုက်ရိုက်အကူအညီပေးရေးမဟာဗျူဟာ၊ ဈေးကွက်နှင့်ထုတ်လုပ်မှုပတ်ဝန်းကျင်ကောင်း ဖန်တီးရေးမဟာဗျူဟာ၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးမဟာဗျူဟာ၊ နည်းပညာလွှဲပြောင်းရယူခြင်း နှင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရေးမဟာဗျူဟာ၊ ဈေးကွက်ဝင်အရည်အသွေးရှိ ထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်ရေးမဟာဗျူဟာ၊ ပြည်တွင်း/ပြည်ပဈေးကွက်ချဲ့ထွင် ဆောင်ရွက်ရေး မဟာဗျူဟာ၊ အရင်းအနှီးပံ့ပိုးကူညီရေး မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဲ့ဒီလိုမဟာဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟို ကော်မတီနဲ့ ဒုတိယသမ္မတ(၂)က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းထားတဲ့ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ရဲ့ လုပ်ငန်းတာဝန်များမှာ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရေးလုပ်ငန်းစဉ်ပါတဲ့အတွက်ကြောင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ဦးစီးပြီး ပြည်တွင်း/ပြည်ပပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ် ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ လုပ်ငန်းရှင်များပူးပေါင်း၍

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်တဲ့အတွက်ကြောင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာများလွှဲ ပြောင်းရယူရန်နဲ့ ငွေကြေးအရင်းအနှီးများလည်း လိုအပ်တဲ့အတွက် စက်မှုဝန်ကြီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဗဟိုဌာနဟာ SME လုပ်ငန်းများကို ပြည်ပအဖွဲ့အစည်းများဖြစ်တဲ့ ဂျာမဏီနိုင်ငံအခြေစိုက် Friedrich Naumann Foundation for Freedom (FNF)၊ ဂျာမဏီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)၊ UNESCAP၊ အာရှဖွံ့ဖြိုးရေးဘဏ် Asia Development Bank(ADB)၊ PUM Netherland တို့နှင့် ချိတ်ဆက်ပေး၍ နည်းပညာအကူအညီရရှိရေး၊ စက်ပစ္စည်းကိရိယာနှင့် ငွေကြေးအထောက်အပံ့ရရှိရေးတို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ SME များဖွံ့ဖြိုးတိုးတက်ပြီး အာဆီယံအသိုက်အဝန်း AEC တွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများရဲ့ ငွေကြေးလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် SMIDB အဖြစ် ပြောင်းလဲ၍ ပြည့်စုံကောင်းမွန်သော ဘဏ်စနစ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေတဲ့အပြင် SME လုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ SMIDB ဘဏ်ကို လယ်ယာအမတော်ကြေးကဲ့သို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ငွေကျပ် ၅ ဘီလီယံကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှာ ငွေကျပ် ၅ ဘီလီယံကိုလည်းကောင်း ထုတ်ချေးပေးခဲ့ရာ၊ SMIDB ဘဏ်မှလည်း ၎င်းငွေကျပ် ၁၀ ဘီလီယံကို ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းနှုန်းနဲ့ အချိန်ကာလ ၃ နှစ်အထိ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်တဲ့ အသေးစားနှင့်အလတ်စားလုပ်ငန်း ၆၂ ခုကို ထုတ်ချေးပေးပြီးဖြစ်ပါတယ်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မယ့် ပြည်ထောင်စုအဆင့်နဲ့ ပြည်နယ်/တိုင်းဒေသကြီးများမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပြီး၊ ပြည်သူများကိုလည်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတများဖြန့်ဝေ၍ ပြည်သူများကိုယ်တိုင်ပူးပေါင်းလာစေနိုင်ရန် စည်းရုံးဆွဲဆောင်သွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ပထဝီအနေ

အထားအရ ဈေးကွက်ကြီးမားပြီး လူဦးရေများပြားတဲ့ အင်အားကြီးနိုင်ငံများအကြားတည်ရှိနေခြင်း၊ မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်ပေါများကြွယ်ဝခြင်း၊ ရာသီဥတုမျှတပြီး စိုက်ပျိုးရေး ထွက်ကုန်နှင့် ရေထွက်စားသောက်ကုန်များပေါများခြင်း၊ အလုပ်သမားပေါများခြင်းစတဲ့အခွင့်အလမ်း ကောင်းများရှိပြီးဖြစ်တဲ့အတွက် SME များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပါက အာရှဒေသမှာ မကြာမီဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ အလားအလာကောင်းရှိပါတယ်။ ဒါ့ကြောင့်နိုင်ငံတော် ရဲ့အကျိုးစီးပွားကို SME ကဏ္ဍက ဦးဆောင်နိုင်တဲ့ အခြေအနေသို့ ရောက်ရှိရေး၊ အာဆီယံအတွင်း လွတ်လပ်သော ကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ အတွက် နိုင်ငံတော်က မူဝါဒများချမှတ်ပြီး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး များမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနဲ့ ပုဂ္ဂလိကအဖွဲ့အစည်း များ ပူးပေါင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လိုအပ်သည်များကို ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စစ်တွေမြို့နယ်ရှိ မေယုကျွန်း (Oyster Island) အား စနစ်တကျ ကွင်းဆင်းလေ့လာတွက်ချက်၍ ပြင်ဆင်ထိန်းသိမ်းသွားရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံး ကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုပါကြောင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှာ တည်ရှိတဲ့ မေယုကျွန်း ခေါ် Oyster ကျွန်းနှင့်ပတ်သက်တဲ့ အကြောင်းအရာအချို့ကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဒီအကြောင်းနှင့်ပတ်သက်ပြီးတော့ ပင်လယ်ပြင်မှာရှိတဲ့ကျွန်းနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားဆက်စပ်မှုအကြောင်းကို အနည်းငယ်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မနည်းငယ်တင်ပြခွင့်ပြုပါရန် ရိုသေလေးစားစွာပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပြည်ပြည် ဆိုင်ရာစံနှုန်းတွေအရ ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရာမှာ အခြေခံမျဉ်းကနေ ပင်လယ်ဘက် ၁၂ မိုင်အကွာကို ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်တဲ့နယ်မြေစည်းအဖြစ် ၁၂ မိုင်သတ်မှတ်ပါတယ်။ အဲ့ဒီ စည်းအပြင်ဘက်မှာ ဆက်စပ်ဇုန် ၁၂ မိုင်ရှိပါတယ်။ အဲ့ဒီ ၂၄ မိုင်

အပြင်မှာ နိုင်ငံတော်အနေနဲ့ စီးပွားရေးဇုန်အဖြစ် မိုင် ၂၀၀ သတ်မှတ်ထားပါတယ်။ ဒီလို မိုင် ၂၂၄ မိုင် အတွင်းမှာရှိတဲ့ သဘာဝသယံဇာတတွေကို ဆက်စပ်တဲ့နိုင်ငံတော်ကသာလျှင် ထုတ်ယူသုံးစွဲခွင့် ရှိပါတယ်။ အခြေခံမျဉ်းရေးဆွဲရာမှာလည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ အခြေခံရေစစ် မျဉ်းကို ရေးဆွဲပြီးတော့ ပင်လယ်ဘက်မှာ ထွက်ရှိနေတဲ့ ကျွန်းရှိလျှင် အဲ့ဒီကျွန်းကနေ အခြေခံရေ စစ်မျဉ်း သတ်မှတ်ပြီးတော့မှ ခုနက တင်ပြသွားတဲ့မိုင်အကွာအဝေးတွေကို အကျိုးသက်ရောက် ခံစားခွင့် နိုင်ငံတော်ကရရှိပါတယ်။ နိုင်ငံတော်က အသိအမှတ်ပြုတဲ့ ကျွန်းတွေဖြစ်ဖို့လည်း အရေးကြီး ပါတယ်။ အဲ့ဒီကျွန်းတွေ ပင်လယ်ပြင်မှာရှိရင် အခြေခံသတ်မှတ်တဲ့ ပင်လယ်ပိုင်နက်ဟာ ကျယ်ပြန့်ပြီး တော့ ကျွန်းမရှိရင်တော့ ဒါကျွန်တော်ရဲ့ ပိုင်နက်ပင်လယ်ဟာ ကျဉ်းမြောင်းသွားမှာဖြစ်ပါတယ်။ ကျွန်းတွေပိုင်ဆိုင်ခွင့်ပြုခဲ့ရာမှာလည်း ကုန်ခဲ့တဲ့ သမိုင်းကြောင်းတွေအရ လူမျိုးများ၊ ကျွန်းများမှာ နေထိုင်တဲ့ အခြေခံမူကို မူတည်ပြီးတော့ ပိုင်ဆိုင်ခွင့်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံနှင့် အိန္ဒိယတို့ လွတ်လပ်ရေးရပြီး နောက် ကပ္ပလီကျွန်း ခေါ် Amdaman ကျွန်းကို ပိုင်ဆိုင်မှုတင်ပြတဲ့အခါမှာ Amdaman ကျွန်းဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် နီးကပ်ပါရဲ့သားနဲ့ ကျွန်းပေါ်မှာ အခြားလူမျိုး တွေဖြစ်တဲ့ အိန္ဒိယလူမျိုး များသာ အများစုက နေထိုင်တဲ့အတွက် Amdaman ကျွန်းရဲ့ ပိုင်ဆိုင်မှုကို အိန္ဒိယကရရှိသွားပါတယ်။ အခု မေယုကျွန်းဟာလည်း စစ်တွေမြို့နယ်မှာတည်ရှိတယ်ဆိုပေမယ့် မောင်တောမြို့နယ်နှင့် အလွန်တစ်ရာနီးကပ်တဲ့ အပိုင်းမှာတည်ရှိနေပါတယ်။ အဲ့ဒါကြောင့် မေယုကျွန်းအပါအဝင် အခြားကျွန်းတွေကို မလိုလားအပ်တဲ့ အခြားလူမျိုးများက ဥပဒေမဲ့တက်ရောက် ပြီးတော့ အခြေချမနေနိုင်ဖို့အတွက် တပ်မတော်(ကြည်း)ပင်လယ်ပြင်စိုးမိုးရေးတပ်များနှင့် တပ်မတော် (ရေ)တို့က ပင်လယ်ပြင်ကျွန်းတွေကို ဥပဒေမဲ့အခြေချမနေထိုင်နိုင်ဖို့အတွက် ကာကွယ်စောင့်ရှောက် ပေးလျက်ရှိကြောင်းလည်း ကြားသိရပါတယ်။ မေယုကျွန်းဟာ မြန်မာနိုင်ငံရဲ့ အခြေခံမျဉ်းတွေရေးဆွဲ ရာမှာ မြောက်ဘက်စွန်းအဖြစ် ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်မှာ ထုတ်ပြန်နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။ မေယုကျွန်းရဲ့ ပင်လယ်ပြင်ရေမျက်နှာပြင် အထက် များစွာမမြင့်တဲ့ကျွန်းဖြစ်တဲ့အပြင် ကျွန်းဧရိယာသေးငယ်ခြင်း တောင်ကုန်းတောင်တန်းမရှိဘဲ ပြင်ညီဖြစ်ခြင်းစတဲ့အချက်တွေကြောင့် ရာသီဥတုဒဏ်ကိုလည်း ပြင်းပြင်းထန်ထန်ခံစားရတဲ့ကျွန်း တစ်ကျွန်းဖြစ်ပါတယ်။ မေယုကျွန်းမီးပြတိုက်ကို ဗြိတိသျှအစိုးရက သိမ်းပြီးတော့ သိပ်မကြာခင်ဖြစ်တဲ့ ၁၈၈၅ မှာပဲ တည်ဆောက်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်း သွားလာမှုအတွက် များစွာအထောက်အကူပြုခဲ့တဲ့ မီးပြတိုက်ကျွန်းဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီး တဲ့နောက် အင်္ဂလိပ်အစိုးရထံက မြန်မာနိုင်ငံ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပါတယ်။ မီးပြတိုက်တည်

ဆောက်တဲ့ ၁၈၈၅ ခုနှစ်မှာ မီးပြတိုက်ဝန်ထမ်းများသာ နေထိုင်ဖို့အတွက် ရည်ရွယ်တည်ဆောက်ထားခဲ့တဲ့အတွက် မုန်တိုင်းတွေ ကျရောက်လာရင်လည်း အဆိုပါမီးပြတိုက်အပေါ်မှာပဲ ဝန်ထမ်းများဟာဖြစ်သလို ရာသီဥတုဒဏ်ကို ရင်ဆိုင်ခဲ့ရတယ်လို့ သိရှိရပါတယ်။ အခုအခါ ဒီကျွန်းဟာ ရာသီဥတုဒဏ်တွေနဲ့ ကာရံထားတဲ့ လှိုင်းကာရံတွေ အလွန်အမင်းပျက်စီးယိုယွင်းလျက်ရှိတဲ့အပြင် လှိုင်းရိုက်ခတ်မှုဒဏ်ခံရတဲ့အတွက် ကျွန်းပေါ်ရှိ အဆောက်အဦတွေ ပျက်စီးသွားခြင်း၊ လှိုင်းဒဏ်ကြောင့် သဲသောင်တွေ ရွေ့လျားမှုဖြစ်ပေါ်ခြင်း၊ ပြီးတော့ အခုဇွန်လဆန်းမှာ ရိုက်ခတ်ခဲ့တဲ့ မုန်တိုင်းလှိုင်းရိုက်ခတ်မှုဒဏ်ကြောင့် သောက်ရေချိုသိုလှောင်တဲ့ အုတ်ရေကန်တစ်ခုဟာ ၃၀ ဒီဂရီ လောက်တောင် တိမ်းစောင်းသွားခဲ့ပြီလို့ သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းအတွက် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ အခြေခံအမှတ်အသားတစ်ခုဖြစ်တဲ့ ကျွန်းတစ်ကျွန်းဖြစ်တဲ့ မေယုကျွန်းမှာ အကြီးစားပြုပြင်ထိန်းသိမ်းဖို့ အရေးတကြီးလိုအပ်ချက်ရှိလာပြီလို့ တစ်ဆင့်ကြားသိရပါတယ်။ ထို့အတွက်ကြောင့် အဆိုပါကျွန်းပျက်စီးပျောက်ကွက်သွားပါကလည်း မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ အခြေခံမျဉ်းသတ်မှတ်မှုအပေါ်မှာ ထိခိုက်မှုတွေရှိလာနိုင်တဲ့အတွက် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မေယုကျွန်း ခေါ် Oyster ကျွန်းအား ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျကွင်းဆင်းလေ့လာတွက်ချက်ပြီး ခေတ်မီနည်းပညာများဖြင့် ကာကွယ်ပြင်ဆင်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိပါသလား။ ရှိပါက မည်သည့်အချိန်မှာ ပြင်ဆင်ထိန်းသိမ်းသွားနိုင်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်က မေးမြန်းထားတဲ့ မေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဟံစိန်မှ ပြန်လည်

ဖြေကြားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့နေရာမှာ Power Point တော့ အပေါ်တင်ထားဖို့ လုပ်ထားပါတယ်။ မေယုကျွန်းဟာဆိုရင် တင်ပြပါအတိုင်း ရခိုင်ပြည်နယ်မှာရှိပြီးတော့ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁.၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃.၃ မိနစ်မှာ တည်ရှိပါတယ်။ ယခင်အင်္ဂလိပ်အခေါ်ကတော့ Oyster Island လို့ခေါ်ပြီးတော့ နောက်တော့ မေယုကျွန်းလို့ ပြောင်းလဲခေါ်ဝေါ်ခဲ့တာဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ကာလကတ္တားမြစ်၊ စစ်တကောင်းမြစ်၊ မေယုမြစ်၊ လေးမြို့မြစ်နှင့် ကုလားတန်မြစ်တွေဆုံတွေ့နေရာမှ ပထဝီသဘောအရ ဖြစ်တည်ခဲ့တဲ့ သီးခြားကျွန်းဖြစ်ပြီးတော့ တင်ပြပါအတိုင်း စစ်တွေမြို့ရဲ့ အနောက်မြောက်ဘက် ရေမိုင် ၂၁ မိုင်အကွာအဝေးလောက်မှာ တည်ရှိတာဖြစ်ပါတယ်။ မြစ်များပေါင်းစုံရာမှ ဖြစ်ပေါ်လာခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်းပတ်ဝန်းကျင်မှာ မြေမျက်နှာပြင်တည်ငြိမ်မှုနည်းပါးပြီးတော့ ဘေးလှိုင်းများ အမြဲမပြတ် ဖြစ်ပေါ်လေ့ရှိပါတယ်။ တင်ပြပါပုံကတော့ ကျွန်းရဲ့ပုံစံကို အပေါ်ကနေမြင်ရတဲ့ပုံဖြစ်ပါတယ်။ ကျွန်း၏ပုံသဏ္ဍာန်က အနောက်မြောက်မှ အရှေ့တောင်သို့ သွယ်တန်းလျက်ရှိတဲ့ မြေဧရိယာ ၂ ဧကခန့်ရှိတဲ့သဲဖြူကျွန်းပဲဖြစ်ပါတယ်။ ရေစီးကြောင်းအရ မိုးကာလမှာ ကျွန်းရဲ့အရှေ့တောင်ဘက်မှာ သဲသောင်ဖြစ်ထွန်းမှုများပြီးတော့ ဆောင်းနှင့်နွေကာလများမှာတော့ ကျွန်း၏အရှေ့မြောက်ဘက်သို့ ပြောင်းရွှေ့သောင်ထွန်းလေ့ရှိပါတယ်။ မေယုကျွန်းဟာ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ရေကြောင်းသွားလာရေးကို အထောက် အကူပြုနိုင်သည့်နေရာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၁၈၈၅ ခုနှစ်မှာ မီးပြတိုက်တည်ဆောက်ပြီးတော့ ရေကြောင်းလမ်းပြလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ တင်ပြပါပုံကတော့ မီးပြတိုက်နှင့် မေယုကျွန်းကို တွေ့နေရတဲ့ပုံစံပဲဖြစ်ပါတယ်။ မေယုမီးပြတိုက်ဟာ ဆိုလို့ရှိရင် သံကျွတ်ပုံလောင်းအမျိုးအစားဖြစ်ပြီးတော့ အမြင့် ၁၃၅ ပေ၊ ပင်လယ်ရေမျက်နှာပြင် အထက် စုစုပေါင်း ၁၄၁ ပေ အမြင့်မှာရှိပါတယ်။ နေ့အချိန်အမှတ်အသားအဖြစ် မီးပြတာဝါတိုင်ကို အဖြူတစ်ရစ်၊ အနက်တစ်ရစ် ဆေးရောင်သုတ်ထားပါတယ်။ ယခင်က ရေနံဆီသုံးမီးအိမ်အသုံးပြု၍ မီးအချက်ပြသခဲ့ပေမယ့် ၁၉၈၀ ခုနှစ်မှာ မီးစက်တပ်ပြီးတော့ အချက်ပြခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ပိုမိုခေတ်မီတဲ့ LED Solar Lantern မီးအိမ်ပြောင်းလဲတပ်ဆင်ခဲ့တာဖြစ်ပါတယ်။

မေယုကျွန်းမှာ မီးပြတိုက်စောင့်ဝန်ထမ်းများထားရှိပြီးတော့ ၎င်းမီးပြဝန်ထမ်းများ နေထိုင်စားသောက်နိုင်ရန် လူနေအဆောက်အဦ ၂ လုံး၊ မီးစက်ထားရန် အဆောက်အဦ ၁ လုံး၊ စုစုပေါင်းအဆောက်အဦ ၃ လုံးနှင့် ရေချိုစုဆောင်းရန် လေးထောင့်အုတ်ရေကန် ၂ လုံး၊ အဝိုင်းပုံအုတ်ရေကန် ၄ လုံး၊ စုစုပေါင်း ၆ လုံးတို့ကို ကျွန်းမကြီးပေါ်တွင် ဆောက်လုပ်ခဲ့ပါတယ်။ နယ်မြေလုံခြုံရေးအရ မေယုကျွန်းတွင် မီးပြဝန်ထမ်းများအပြင် ရဲတပ်ဖွဲ့ဝင်များကို ၁၉၈၀ ခုနှစ်ခန့်အထိ တာဝန်ချထားခဲ့ပြီး

တော့ ၁၉၈၁ ခုနှစ်နောက်ပိုင်းမှာတော့ တပ်မတော်(ရေ)မှ အရာရှိဦးစီးလုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့တာဝန်ချထားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ မေယုကျွန်းဟာ ခုနကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းအခြေခံအမှတ်အသားဖြစ်တဲ့ အရေးကြီးဆိုတဲ့အတွက်ကြောင့်မို့လို့ ကမ်းရိုးတန်းလုံခြုံရေးအတွက် စစ်ဗျူဟာ အရေးကြီးနယ်မြေဖြစ်လာတဲ့အတွက် နယ်မြေခံခြေလျင်တပ်ရင်းကနေပြီးတော့ အရာရှိ ဦးစီးတပ်ခွဲ ၁ ခွဲ၊ အမြောက်တပ်ခွဲ ၁ ခွဲ၊ စုစုပေါင်းတပ်ခွဲ ၂ ခွဲကို လုံခြုံရေးတာဝန်ပေးအပ်ခဲ့ပြီး ပတ်လည်ခံစစ်စခန်းအဖြစ် ခြံစည်းရိုးကာရံခြင်း၊ ဘန်ကာနှင့် ကတုတ်ကျင်းများတည်ဆောက်ခြင်း၊ ဆက်သွယ်ရေးမြောင်းများပြုလုပ်ခြင်း၊ စစ်သည်များအတွက် ရေချိုကန်များထပ်မံတည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ မီးပြလုပ်ငန်း အနေဖြင့် မေယုမီးပြတိုက်ကို ၁၇-၄-၂၀၀၉ ရက်နေ့မှာ နေရောင်ခြည်စွမ်းအင်သုံး LED Solar မီးအိမ်ပြောင်းလဲတပ်ဆင်ခဲ့ပြီးတဲ့နောက်မှာတော့ လုပ်ငန်းသဘောအရ အမြဲစောင့်ကြပ်ကြည့်ရှုဖို့ မလိုအပ်တော့ခြင်း၊ စစ်သတင်းလုံခြုံရေးသဘောအရ လုံခြုံရေးတပ်ဖွဲ့နှင့် သာမန်အရပ်သားဝန်ထမ်းများ ကြာရှည်ပူးတွဲတာဝန်ပေးအပ်ရန်မသင့်လျော်ခြင်းတို့ကြောင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလမှာ မီးပြအစောင့်ဝန်ထမ်းများအား ပြန်လည်ရုပ်သိမ်းခဲ့ပြီး ရေချိုကန်များနှင့် အဆောက်အဦတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ပုံမှန်စစ်ဆေးခြင်း၊ မီးစက်နှင့် မီးကရိယာများအား ပြင်ဆင်ခြင်းလုပ်ငန်းများကို တစ်နှစ် ၁ ကြိမ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မီးပြဌာနခွဲက ကျွန်းပတ်ခရီးစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃ ခုနှစ် ဇွန်လအတွင်းမှာ ခုန ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း လှိုင်းလေပြင်းထန်မှုကြောင့် ရေလှိုင်းများ မြင့်တက်လာပြီး ခံစစ်စခန်း ခြံစည်းရိုးများ ကျိုးပဲ့ပျက်စီးခြင်း၊ ဘန်ကာများပြိုလဲခြင်းအပြင် လူနေအဆောက်အဦအနီးရှိ အဝိုင်းပုံအုတ်ရေကန်တစ်လုံး အောက်ခြေသဲများကျွံမှုကြောင့် တိမ်းစောင်းသွားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ ရေချိုစုဆောင်းကန်မှ အချင်း ၇ ပေ × အမြင့် ၆ ပေ× ထု ၉ လက်မ၊ အဝိုင်းပုံ ရေချိုစုဆောင်းကန်ဖြစ်ပြီး မူလအတိုင်းပြန်လည်ပြုပြင်ပါက စုစုပေါင်းကျပ် ၆၇၀၀၀၀လောက် ကုန်ကျမှာဖြစ်ပါတယ်။ အလားတူ သဘာဝဘေးဒဏ်ကြောင့် ကမ်းပြိုခြင်း အားကာကွယ်ရန် ကျွန်းအနောက်ဘက် မျက်နှာစာ ခန့်မှန်း ၅၀၀ ပေ၊ ကျွန်း၏ အရှေ့ဘက်မျက်နှာစာ ပေ ၆၀၀ နှင့် မြောက်ဘက်နှင့်တောင်ဘက် မျက်နှာစာ ခန့်မှန်း ၄၀၀ ပေ၊ စုစုပေါင်းခန့်မှန်း အလျား ၁၅၀၀ ပေ × အနံ ၁၀ ပေ × ထု ၃ ပေရှိတဲ့ လှိုင်းကာနံရံအား ဆောင်ရွက်မည်ဆိုပါက သန်းပေါင်း ၅၂၀ လောက်ကုန်ကျမှာ ဖြစ်ပါတယ်။ မေယုကျွန်းစခန်း မှာရှိတဲ့ မီးပြတိုက်အနီးမှာ လေမုန်တိုင်းဒဏ်ခံအဆောက်အဦ Cyclone Shelter

တစ်လုံး တည်ဆောက်ဖို့ဆိုပြီးတော့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တင်ပြပါပုံအတိုင်း အဲ့ဒီမှာ ကျွန်တော်တို့ Cyclone Shelter တစ်လုံးတည်ဆောက်ဖို့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကနေ စီစဉ်လျက်ရှိပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ကန့်သတ်ချက်ရှိ/မရှိနှင့် ရှိရင်ဘယ်လိုကန့်သတ်ချက်တွေ ရှိတယ်ဆိုတာ ပြန်ကြားပေးဖို့ ညှိနှိုင်းလာတဲ့အတွက်ကြောင့်မို့လို့ ဩဂုတ်လ ၁၃ ရက်နေ့က ညှိနှိုင်းတဲ့အတွက်ကြောင့် ၁၆ ရက်နေ့က ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ရဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ မေယုကျွန်းကို ကျွမ်းကျင်ပညာရှင်များဖြင့်စနစ်တကျ ကွင်းဆင်းလေ့လာတွက်ချက်၍ ခေတ်မီနည်းပညာများဖြင့် ကာကွယ်ပြင်ဆင်ထိန်းသိမ်းသွားရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မေယုကျွန်းမှာရှိတဲ့ လှိုင်းကာနံရံနှင့် ရေချိုသိုလှောင်သည့် အုတ်ရေကန်များ ပြုပြင်ရေးကိစ္စအား မေယုကျွန်းမှာ လေမုန်တိုင်းဒဏ်ခံ အဆောက်အဦ Cyclone Shelter ဆောက်လုပ်မယ့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးနှင့်ညှိနှိုင်း ပြီးတော့ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကပဲ ဒါကိုပြင်မလား သို့မဟုတ်ရင် မပြင်ဘူးဆိုရင်လည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ ရန်ပုံငွေတွက်ချက်တောင်းခံပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မိုင်းယန်းမြို့နယ်တွင် လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးနေသော 300 KVA ဓာတ်အားပေးစက်အား 500 KVA သို့ ပြောင်းလဲတပ်ဆင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း (မိုင်းယန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့ပေါ် ၁၁ ရပ်ကွက်အတွက်လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုင်းယန်းမြို့ပေါ်ကို ၁၁ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပါတယ်။ မြို့ပေါ်ရပ်ကွက်များအနက် ရပ်ကွက် ၈ ရပ်ကွက်မှာ ၃၀၀ ကေဗွီအေဓာတ်အားပေးစက်ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲ

ခွင့်ရရှိကြပါတယ်။ဘာမိုင်ရပ်ကွက်၊ ဟော်ကိုင်ရပ်ကွက် နှင့်မွန်ကိတ်ရပ်ကွက် စသည့်ရပ်ကွက်များတွင် ရပ်ကွက် ၃ ခုမှာ လျှပ်စစ်ဓာတ်အားလိုင်းအရွယ်အစားသေးငယ်သဖြင့် လျှပ်စစ်ဓာတ်အားစက် အနေဖြင့် ဝန်နှင့်အားနိုင်နင်းမှုမရှိသေးခြင်းတို့ကြောင့် ယနေ့တိုင်လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် မရရှိခဲ့ပါ။ သို့ပါ၍ မိုင်းယန်းမြို့နယ်လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် မြို့နယ်လူထုများ တစ်ပြေးညီတန်းတူ အခွင့်အရေးများခံစားခွင့်ရရှိနိုင်စေရေးအတွက် မိုင်းယန်းမြို့နယ်တွင် လက်ရှိဓာတ်အားပေးဖြန့်ဖြူးပေးနေသော 300 KVA ဓာတ်အားပေးစက်အား 500 KVA သို့ ပြောင်းလဲတပ်ဆင်ပေးမည့်အစီအစဉ်ရှိ/ မရှိ ။ ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင် ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရိုသေစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ မေးခွန်းကို ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မိုင်းယန်းမြို့နယ်ဟာ ၂.၅ စတုရန်းမိုင်ခန့် ကျယ်ဝန်းပြီး ရပ်ကွက် ၁၁ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ၎င်း ၁၁ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက် ၈ ရပ်ကွက်မှာအိမ်ခြေ ၄၁၀၊ မီးသုံးသူ ၃၂၂ ဦးကို ဌာနပိုင် ဒီဇယ်ဓာတ်အားပေးစက် ၃၀၀ ကေဗွီအေဖြင့် နေ့စဉ် ၂ နာရီခွဲ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ကျန် ၃ ရပ်ကွက်ဟာ ဓာတ်အားပေးစက် မနိုင်နင်းခြင်းနှင့် ဓာတ်အားလိုင်းကွာဝေးခြင်းများကြောင့် ဓာတ်အားမပေးနိုင်သေး ခြင်း ဖြစ်ပါတယ်။ ဒီဇယ်ဓာတ်အားပေးစက်မြို့များဟာ ယခင်က မီးသုံးသူ ဝန်အားနှင့် ကိုက်ညီတဲ့ မီးစက်၊ စက်သုံးဆီ၊ ဓာတ်အားလိုင်းများရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ စက်မြို့များမှာ ဓာတ်အားဖြန့်ဖြူးမှုဟာ လစဉ်စက်သုံးဆီဖိုး ကုန်ကျမှုများပြားတဲ့အတွက် ရပ်ကွက်တိုးချဲ့လာမှု၊ မီးသုံးသူတိုးတက်များပြား လာမှုနှင့်အညီ မီးစက်၊ စက်သုံးဆီနှင့် ဓာတ်အားလိုင်း များတိုးချဲ့ရန် အချိန်နှင့်တပြေးညီ မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ယခု မိုင်းယန်းမြို့နယ်မှာရှိတဲ့ ဓာတ်အားမရရှိသေးသော ရပ်ကွက်

၃ ခုကို ဓာတ်အားတိုးချဲ့ပေးရန်အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ မိုင်နှင့် ၃၀၀ ကေဗွီအေ မီးစက်တစ်လုံး ထပ်မံဖြည့်ဆည်းပေးရမှာဖြစ်ပြီး လစဉ် ဒီဇယ်ဆီ ၉၅၀ ဂါလန်အတွက် ငွေ၃၈၀၀၀၀၀ ကျပ်ခန့်သုံးစွဲရမှာဖြစ်ပါတယ်။ ၎င်းရပ်ကွက် ၃ ခုကို ဓာတ်အားပေးနိုင်ရေးအတွက် ဝန်အားဗဟိုကျတဲ့နေရာမှာ မြေနေရာရရှိမှုပေါ်မူတည်၍ နောက်ထပ် ဓာတ်အားပေးစက်တစ်လုံးတပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဝိုင်းမော်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၃ ရွာတွင် လျှပ်စစ်မီးလင်းရေးကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယိန်းဘောမ် (ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့နိုင်ငံတော်အနေနဲ့ ကျေးလက်ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို နိုင်ငံတော်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်ကာလမှာ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်သော ဝိုင်းမော်နဲ့ချီဖွေမြို့နယ်ရဲ့ဆက်သွယ်ရေး လမ်းကြောင်း ကားလမ်းမပေါ်မှာရှိကြတဲ့ မဒိန်း၊ ဝူယန်၊ နန့်ဝါ၊ ဝါရှောင်၊ ဒိန်းဂျန်ယန်၊ နောင်စီပေါ၊ နွယ်မော်ယန်၊ မန်ဝိန်း၊ ဆိုင်လော်၊ ဖုန်တန်ကောင့်၊ မန်ဒေါင်း၊ ရှငေါ်နှင့်မဂရမ်းယန်စတဲ့ ကျေးရွာ ၁၃ ရွာအပြင် ကျွန်တော်တို့အဲ့ဒီ ၁၃ ရွာမှာ အိမ်ခြေပေါင်းက ၃၂၀၄ အိမ်ရှိပါတယ်။ အလားတူပဲလူဦးရေက ၂၁၀၀၀ ကျော်ရှိပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ဒီလမ်းကြောမှာ အခုတင်ပြသွားတဲ့ ကျေးရွာ ၁၃ ရွာအပေါ်မှာ ပညာရေးဌာနအနေနဲ့ အထက်တန်းကျောင်း ၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃ ကျောင်း၊ မူလွန် ၅ ကျောင်းနှင့် မူလတန်းကျောင်းအားလုံး ၂၈ ကျောင်းရှိပါတယ်။ အလားတူပဲ ကျန်းမာရေးဌာနအနေနဲ့ ပြောမယ်ဆိုလို့ရှိရင်ဆေးခန်း ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃ ခု စသည်ဖြင့် ဝန်ထမ်းများလည်း ရှိပါတယ်။ များပြားပါတယ်။ အလားတူပဲ ကျွန်တော်တို့လုပ်ငန်းဖြစ်ကြတဲ့ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အလုပ်လုပ်ကြတဲ့လုပ်သားပြည်သူများလည်း အများအပြား ရှိပါတယ်။ ဒါ့ကြောင့် တင်ပြသွားတဲ့ ဒီကျေးရွာ ၁၃ ရွာရဲ့ ရွာထိပ်တွေမှာ နောက်တစ်ခါ ရွာအနီး ရွာ၏ပတ်ဝန်းကျင်နှင့် ကားလမ်း

တစ်လျှောက်မှာ ခိုင်မာတောင့်တင်းတဲ့ လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများကိုသွယ်တန်းထားခြင်းကို ပြည်သူများကမျှော်လင့်လျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ ဒီကျေးရွာများအတွက်နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကိုသိရှိလိုပါတယ်။ အကယ်၍ စီစဉ်ဆောင်ရွက်ပေး မည်ဆိုပါက မည်သည့်ကာလ၊ မည်သည့်အချိန်အခါမှစကာ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုတာသိရှိလိုပါတယ်။ အလားတူပဲ အကောင်အထည်မဖော်နိုင်ပါက မည်သည့်အကြောင်းကြောင့်ဖြစ်တယ်ဆိုတာကို ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်ရိုသေလေးစားစွာနဲ့ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ်၏ မေးခွန်းကိုကျွန်တော်မှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဝိုင်းမော်မြို့နယ်မှာရှိတဲ့ ကျေးရွာ ၁၃ ရွာဖြစ်သော မဒိန်း၊ ဝူယန်၊ နန့်ဝါ၊ ဝါရှောင်၊ ဒိန်းဂျန်ယန်၊ နောင်စီပေါ၊ နွယ်မော်ယန်၊ မန်ဝိန်း၊ ဆိုင်လော်၊ ဖုန်တန်ကောင့်၊ မန်ဒေါင်း၊ ရှငေါ်နှင့်မဂရမ်းယန် ကျေးရွာများဟာ ဝိုင်းမော်- ချီဖွေမြို့နယ် ကားလမ်းမဝဲ/ယာများတွင် တည်ရှိပါတယ်။ ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှ ဝါရှောင်ကျေးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားပါတယ်။ အဆိုပါ ဓာတ်အားလိုင်းပြီးစီးပါက ဝူယန်၊ နန့်ဝါနှင့် ဝါရှောင်ကျေးရွာ ၃ ရွာဟာ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်းများတည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားနိုင်ပြီး ဓာတ်အားရရှိမှာ ဖြစ်ပါတယ်။ အကယ်၍ အလျင်အမြန်ဓာတ်အားရရှိလိုပါက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ကျေးရွာမီးလင်းရေးကော်မတီဖွဲ့ပြီးတော့မှ ဓာတ်အားရယူနိုင်ပါတယ်။

ကျန်ကျေးရွာများဖြစ်တဲ့ ကျေးရွာ ၁၀ ရွာကိုတော့ ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှဓာတ်အားလိုင်း ၆၂ မိုင်ခန့် ကွာဝေးတဲ့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းစနစ် အသုံးပြုနိုင်တဲ့ အကွာအဝေးမှာ မရှိတဲ့အတွက် ဓာတ်အားပေး၍ မရသေးကြောင်းတင်ပြအပ်ပါတယ်။ အနည်းဆုံး ၆၆ ကေဗွီ

ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်မှသာ ဓာတ်အားပေးနိုင်မည်ဖြစ်၍လည်းကောင်း၊ မတည်ရင်းနှီးငွေသုံးစွဲမည့် ငွေကြေးပမာဏများပြားမှုအခြေအနေအရသော်လည်းကောင်း၊ လောလောဆယ်ဆယ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးခြင်းဖြစ်ပါတယ်။ ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှ ၆၆ကေဗွီဓာတ်အားလိုင်းတည်ဆောက်ရန် လမ်းအူကြောင်းရှာဖွေတိုင်း တာခြင်းနှင့် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ရန် နေရာရွေးချယ်ခြင်း၊ ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် ၁၁ ကေဗွီအေလိုင်းများတပ်ဆင်ရန်အခြေအနေတို့ကိုစိစစ်ပြီး လိုအပ်သောရန်ပုံငွေပမာဏကို ခန့်မှန်းတွက်ချက်၍ စီမံကိန်းလျာထားချက်တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရှာင်မြို့နယ်တွင် ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီနှင့် တောင်သူလယ်သမားများအကြား မပြေမလည်ဖြစ်နေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး ဘေးဘယာဝေးကွာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရွာငံမြို့နယ်မှာ ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖော်ထုတ်ရေးစီမံချက်ကို အကြောင်းပြုပြီး တောင်သူလယ်သမားများလုပ်ကိုင်စားသောက်နေသော တောင်ယာမြေများအား မည်သည့်လျော်ကြေးမှ ပေးလျော်ခြင်းမရှိဘဲ သိမ်းယူခဲ့မှုများရှိခဲ့ပါတယ်။ ၎င်းကိစ္စအတွက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ထံတိုင်ကြားခဲ့ရာ ကော်မရှင်အဖွဲ့ခွဲမှ လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ ကွင်းဆင်စိစစ်ချက်များအပေါ်မူတည်၍ နှစ်ရှည်သီးနှံမစိုက်ပျိုးရသေးသော သိမ်းယူထားသည့်မြေများအား တောင်သူလယ်သမားများထံ ပြန်လည်ပေးအပ်စေကြောင်း၊ နှစ်ရှည်သီးနှံပင်များကြားတွင် လည်းသီးစားခမယူဘဲ ရာသီသီးနှံစိုက်ပျိုးပေးစေကြောင်း၊ နှစ်ရှည်သီးနှံစိုက်ပျိုးထားပြီး မြေများတွင်မူ ထိုက်သင့်သည့်လျော်ကြေးငွေပေးစေကြောင်းဖြင့် ကော်မရှင်အဖွဲ့ခွဲ၏ သဘောထားကို ကြားသိရပြီး ဖြစ်ပါတယ်။ သို့ရာတွင် ကော်မရှင်မှ လာရောက်ကွင်းဆင်းသည့်အချိန်ထိ လုံးဝစိုက်ပျိုးခြင်းမရှိခဲ့သော မြေပေါ်တွင် ယခုနှစ် မိုးရာသီအမီ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန်အတွက် ကျင်းတူးခြင်း၊ မြေပြင်ခြင်းများကို ကော်မတီမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို ကြားသိမြင်တွေ့နေရပြီး နှစ်ရှည်ပင်များအကြား ရာသီသီးနှံစိုက်ပျိုးခြင်းကိုမူ ယခင်နှစ်များကကဲ့သို့ ခွင့်မပြုတော့ကြောင်းကိုလည်း ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအဖို့ လျော်ကြေးငွေလည်းမရ၊ စိုက်ပျိုးခွင့်လည်းဆုံးရှုံး၊ တာဝန်ရှိသူများမှာလည်း ယခုအချိန်ထိ လာရောက်ဆောင်ရွက်ပေးခြင်း မရှိသေးသဖြင့် တောင်သူလယ်သမားများတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ထိုကဲ့သို့ စိုက်ပျိုးရေးကုမ္ပဏီနှင့် တောင်သူလယ်သမားများအကြား မပြေမလည်ဖြစ်နေမှုများကို နိုင်ငံတော်မှ မည်သို့မည်ပုံဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်တောင်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်

များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ ညောင်အိုင်၊ ကျောက်ပုံ၊ ကျန်တောကျေးရွာအုပ်စုအတွင်းမှာရှိ ကွင်းအမှတ် (၄၄၊ ၅၅၊ ၅၆၊ ၈၆၊ ၈၇၊ ၉၀၊ ၁၁၆) အတွင်းရှိ မြေဧရိယာ ၁၃၇၆.၁၄ ဧကကို ၁၉၇၁ ခုနှစ် မှ ၁၉၉၅ ခုနှစ်အထိ ဦးပိုင်ပေါင်း ၅၈၂ ဦးပိုင်တွင် မူလတောင်သူ ၄၁၁ ဦးမှ စိုက်ပျိုးလုပ်ကိုင်ခဲ့ ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ယင်းမြေနေရာများသည် စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုဘဲ လပ်မြေများဖြစ်နေ သည်ကို တွေ့ရှိရသည့်အတွက် တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးမှုပြုလုပ်ခဲ့ကြောင်း၊ ရွှေသံလွင်ကုမ္ပဏီရဲ့ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဟန်မြင့်မိုရ်၊ ရွာငံ၊ အောင်ပန်း၊ ကတ္တရာ လမ်းဖွင့်ပွဲ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ အမိန့်နဲ့ တပ်ရင်းတပ်ဖွဲ့များ စိုက်ပျိုးမှုပြုလုပ်ခဲ့တဲ့ လပ်မြေများအား ရွှေသံလွင်ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ရွှေသံလွင်ကုမ္ပဏီမှ လွှဲပြောင်းရယူခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အား လုပ်ကိုင်ခွင့်လျှောက်ထားခဲ့ရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ၁၂-၁၂-၂၀၀၁ ခုနှစ်ရက်စွဲပါ စာအမှတ်၊ ၅၇၃၀/၁၀မယ(ဖ)(၁၁)၂၀၀၁ ဖြင့် ဧရိယာ ၁၃၇၆.၁၄ ဧက လုပ်ကိုင်ခွင့်ရရှိခဲ့သဖြင့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိ ရပါတယ်။

အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရမြေများတွင် ရွှေသံလွင်ကုမ္ပဏီမှ ၂၀၁၂-၂၀၁၃ ခုနှစ်ထိ မက္ကဒေးမီးယား၊ သရက်၊ မက်မန်း၊ ကော်ဖီ၊ ဒညင်း၊ လိမ္မော်စသည့် နှစ်ရှည်ပင်များ ၆၈၁ ဧကနှင့် ရာသီသီးနှံ ၂ ဧက ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး အဆောက်အအုံများအတွက် ၆ ဧက အသုံးပြုထားကြောင်း၊ မူလလုပ်ကိုင်ခွင့်ရမြေ ၁၃၇၆ ဧကမှ စုစုပေါင်း ၆၈၉ ဧက ဖော်ထုတ်အသုံးချပြီး ကျန်မြေ ၆၈၇ ဧကကို ရွှေသံလွင်ကုမ္ပဏီမှ ဒေသခံတောင်သူများအား တစ်ဧကလျှင် စပါး ၂ တင်းခွဲနှုန်းဖြင့် နှစ်စဉ် စာချုပ်ချုပ်ဆိုပြီး လုပ်ကိုင်စေခဲ့ကြောင်း သိရှိရပါတယ်။

ရွှေသံလွင်ကုမ္ပဏီအနေနဲ့ ယခုနှစ်မိုးရာသီမှာ နှစ်ရှည်ပင်ဧက ၃၀ စိုက်ပျိုးရန် မြေယာပြုပြင်ဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်က ရာသီသီးနှံ နှစ်စဉ်စိုက်ပျိုးခဲ့သည့် တောင်သူများကိုလည်း ယခုနှစ်မှာ သီးစားခရယူ၍ ဆက်လက်စိုက်ပျိုးခွင့်ပြုမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များအကြား ရာသီသီးနှံစိုက်ပျိုးခြင်းကိုလည်း ယခင်နှစ်များကဲ့သို့ တောင်သူများကို ဆက်လက်စိုက်ပျိုးခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

မူလဦးပိုင်ပေါက် တောင်သူများမှ ပြန်လည်လုပ်ပိုင်ခွင့်ရလိုကြောင်း တင်ပြခဲ့တဲ့အပေါ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ ၇ မှ ၁၄-၉-၂၀၁၂ ရက်နေ့မှာ လာရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ပေါ်ထွက်လာမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများတွင် ပါရှိတဲ့ ရှင်မြို့နယ်အတွင်းရှိ ရွှေသံလွင်ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အနက်မှ အသုံးမပြုရသေးတဲ့ မြေများနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး၊ စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ၏ စစ်ဆေးတွေ့ရှိချက်များအရ ထွက်ပေါ်လာသည့်နည်းလမ်းများအပေါ် မူတည်၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြေပြင်ပကတိ အခြေအနေမှန်အတိုင်း စိစစ်စစ်ဆေးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**တရားဝင်ခွင့်ပြုထားသည့် ပိုးသတ်ဆေးများကို အသက်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သွတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မဲဆန္ဒနယ်မြေအတွင်းနေ ပြည်သူအများစုဟာ တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ တောင်သူလယ်သမားများသည် ပိုးသတ်ဆေးအမျိုးမျိုးကိစ္စနှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးလာတာ ရှိပါတယ်။ ပိုးသတ်ဆေး၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဆွေးနွေးရာတွင် ထိုတောင်သူလယ်သမားများသည် ပိုးသတ်ဆေးသုံးစွဲပုံနည်းစနစ်များကို ကျကျနနနားမလည်ခြင်း၊ ဗဟုသုတမရှိခြင်း၊ အသုံးပြုပုံနည်းစနစ်ပညာပေး တရုတ်စာများ၊ မြန်မာစာများ မဖတ်တတ်ခြင်းတို့ကြောင့် ပိုးသတ်ဆေးများကို

လိုရင် လိုသလို အတိုင်းအတာမဲ့ ပညာမဲ့၊ နည်းစနစ်မဲ့၊ နမော်နမဲ့များဖြစ်၍ အသုံးပြုနေကြောင်း သိရှိခဲ့ရပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်တွင် ပိုးသတ်ဆေးကြောင့် ကျွန်တော့်အစ်ကိုအရင်းဖြစ်သူ တစ်ဦးသေဆုံးခဲ့ရပါတယ်။ ကျွန်တော့်အစ်ကိုအရင်းဖြစ်တဲ့ ဦးစိုင်းဟန်အေးသည် တောင်ယာစိုက်ခင်းတွင် ခရမ်းချဉ်သီးစိုက်ခင်းတွင် ဆေးဖျန်းရာမှာ နမော်နမဲ့၊ မဆင်မခြင်၊ ပညာမဲ့စွာဖြင့် ပိုးသတ်ဆေးကို နည်းစနစ်အတိုင်းအသုံးမပြုဘဲ ပိုးသတ်ဆေး၏ ပြင်းထန်လှသော အာနိသင်ကြောင့် ဆေးဖျန်းပြီးနောက် ၁၂ နာရီ အကြာတွင် နှလုံးသွေးကြောနှင့် အဆုတ်သွေးကြောပြတ်ကာ မထင်မှတ်ဘဲ သေဆုံးခဲ့ရပါတယ်။ အလားတူ ၂၀၁၃ ဇူလိုင်လ ၇ ရက်နေ့ သိန္နီရပ်ကွက်သစ်နေ ဦးစိုင်းအိုင်စိုင်းလည်း ပဲသီးခင်းစိုက်ခင်းတွင် ပိုးသတ်ဆေးဖျန်းရင်း တမြေ့မြေ့အားပြတ်ပြီး သေဆုံးခဲ့ရပါတယ်ခင်ဗျား။ ထိုကဲ့သို့အဖြစ်မျိုး များစွာရှိနေသည်ကိုလည်း ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံမှာ ပိုးသတ်ဆေးကြောင့် သေဆုံးမှုများစွာ သိတာရော၊ မသိတာရောအများကြီးရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားတိုင်းပြည်မှာလည်း ပိုးသတ်ဆေးနှင့်ပတ်သက်ပြီး သေဆုံးမှုများ မကြာမကြာဖတ်ကြားသိရှိခဲ့ရပါတယ်။ တကယ်ကို စိတ်မကောင်းစရာပါ။ မယုံကြည်နိုင်စရာပါ။ ဤကဲ့သို့အဖြစ်မျိုး ကျွန်တော်တို့နိုင်ငံမှာလည်း မဖြစ်ရလေအောင် ကြိုတင်ကာကွယ်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိကြပါတယ်ခင်ဗျား။ ပိုးသတ်ဆေးနဲ့ပတ်သက်ပြီး ပြည်သူလူထုတွင် သိသင့်သင်ယူကောင်းဖို့သဘောရှိပါတယ်။ ပထမဦးဆုံးသိရမှာကတော့ ပိုးသတ်ဆေးဆိုသည်မှာ သေနိုင်တယ်။ ပိုးသတ်ဆေးဆိုတာ သေဆေးမျိုးတစ်မျိုး ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယအရေးကြီးဆုံး သတိထားရမှာကတော့ သုံးပြီး ပိုးသတ်ဆေးဘူး၊ ဆေးပုလင်း၊ ပုံး များကိုပြန်သုံးရင် အန္တရာယ်အင်မတန်မှ ကြီးမားလှပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေအလေးမထား၊ သိထား၊ သိလည်းမသိထားတာကတော့ အစားအသောက်မှာ ထည့်ထားတဲ့ သုံးတဲ့ ပုလင်း၊ ဗူး၊ ပုံး စသည့်တစ်ခါသုံးပဲ ဖြစ်ပါတယ်။ တစ်ခါသုံးဆိုသည်မှာ တကယ်တော့ အစားအသောက်ထည့်ပြီးရင် ထိုထည့်ပြီးတဲ့ ပုလင်း၊ ဗူး၊ ပုံး ဆိုသည်မှာ ထပ်မံပြီးမှ ပြန်မသုံးဖို့အတွက် သိဖို့အတွက် အင်မတန်မှ အသိပညာလိုအပ်လှပါတယ်။ ထို့အပြင် ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံစိုက်ခင်းတွေမှာ အသုံးပြုနေသော ပိုးသတ်ဆေးများကို မည်ကဲ့သို့ သုံးစွဲရမည်နည်းဆိုတဲ့ နည်းပညာများ၊ စနစ်များကို ကျယ်ကျယ်ပြန့်ပြန့်သိထားဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် ပိုးသတ်ဆေးနဲ့စပ်လျဉ်းလို့ တစ်နိုင်ငံလုံးမှာရှိသော ပြည်သူများနှင့် တောင်သူလယ်သမား၏ အကျိုးကိုရည်ရွယ်ပြီး အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။

(က) မြန်မာနိုင်ငံအတွင်း ပြည်သူများနှင့် တောင်သူလယ်သမားများ သုံးစွဲနေသော တရားဝင်ခွင့်ပြုထားသည့် ပိုးသတ်ဆေးအမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ။ တရားမဝင် ပိုးသတ်ဆေးများကို ဥပဒေအရတားမြစ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။

(ခ) ပိုးသတ်ဆေးများကို အသက်အန္တရာယ် ကင်းစွာ သုံးစွဲနိုင်ရေးအတွက် သုံးစွဲနည်း၊ နည်းစနစ်များကို ပြည်သူလူထုထံ ထဲထဲဝင်ဝင်ထိထိရောက်ရောက် အသိပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်မှုရှိ/မရှိ။ သုံးစွဲသောနည်းစနစ်များကို နားမလည်ဘဲ ပိုးသတ်ဆေးကြောင့် သေဆုံးနေရသော ပြည်သူများ၊ တောင်သူလယ်သမားများစွာရှိနေသည်ကို ပြည်ထောင်စုအစိုးရက သိရှိပါသလား။ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှုများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသနည်း။

(ဂ) ပြည်နယ်ဒေသသို့တင်ပို့ ရောင်းချသော ပိုးသတ်ဆေးများအား အန္တရာယ်ကင်းစွာ သုံးစွဲသော နည်းစနစ်၊ နည်းပညာပေးစာများ၊ လက်ကမ်းစာစောင်များကို မြန်မာစာ သို့မဟုတ် တိုင်းရင်းသား ကချင်စာပေ ဒါကကျွန်တော်ပြောချင်တာက ရှမ်းပြည်နယ်မှာဆိုရင် ရှမ်းစာ၊ ကချင်ပြည်နယ်မှာဆိုရင် ကချင်စာ၊ မွန်ပြည်နယ်မှာဆိုရင် မွန်စာတို့ဖြင့် ဖော်ပြထုတ်ဝေ ပညာပေးခြင်းပြုလုပ်ရန် ညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိ။ ဆောင်ရွက်ပေး ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပိုးသတ်ဆေး ဥပဒေကို နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၀ ခုနှစ် မတ်လ ၅ ရက်နေ့မှာ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ပိုးသတ်ဆေးဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပိုးသတ်ဆေး အုပ်စု ၆ အုပ်စု ဖြစ်တဲ့ အော်ဂဲနိုဖော့စဖိတ်၊

အော်ဂဲနိုကလိုရိုဒ်၊ ပိုင်ရီသရိုက်၊ နီကို တီနွိုက်၊ ကာဘာမိတ်အုပ်စုနှင့် အခြား အုပ်စုဝင် (ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပဋိဇီဝဆေး၊ ဟော်မုန်းများ) ပိုးသတ်ဆေးများအား တရားဝင်ခွင့်ပြုထားခဲ့ပါတယ်။

တရားမဝင်တင်သွင်းလာတဲ့ ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေ အခန်း (၁၃) တားမြစ်ချက်များ ပုဒ်မ ၃၀ မှ ၄၀ အထိမှာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စစ်ဆေးရေးမှူးများ တာဝန်ပေး အပ်ပြီး တရားမဝင် ပိုးသတ်ဆေးများအား ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ တားမြစ် ခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပိုးသတ်ဆေးဥပဒေကို International Code of Conduct on the Distribution and use of Pesticides အရ ပိုးသတ်ဆေးဥပဒေကို ရေးဆွဲထားခဲ့ပြီး FAO စံချိန်စံညွှန်းများနှင့်အညီ ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးလျက်၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို စိစစ်တင်ပြ၍ ယနေ့အထိ ပိုးသတ်ဆေးအမျိုးအစားပေါင်း ၁၇၁၆ ခု တရားဝင်ခွင့်ပြုခဲ့ပါတယ်။ ထို့အပြင်အဖွဲ့အနေနဲ့ ကန့်သတ်ထားတဲ့ ပိုးသတ်ဆေး ၇ မျိုး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရဲ့ ကျင်းပပြုလုပ်တဲ့ (၂၂ )ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပိုးသတ်ဆေး ၁၇ မျိုးကိုလည်းကောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ကျင်းပပြုလုပ်တဲ့(၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပိုးသတ်ဆေး ၂၂ မျိုးကိုလည်းကောင်း ပိတ်ပင်ခြင်းများကို ဆုံးဖြတ်ခဲ့သဖြင့် စုစုပေါင်း ပိုးသတ်ဆေး ၃၉ မျိုးကို ပိတ်ပင်ထားခဲ့ပါတယ်။

ပိုးသတ်ဆေးများကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် ပိုးသတ်ဆေး ဥပဒေ အခန်း (၈)၊ အခန်း (၁၀) နှင့် အခန်း (၁၃) တို့တွင် ပိုးသတ်ဆေးဖော်ထုတ်ရောင်းချခွင့်လိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ၊ ပိုးသတ်ဆေးသုံးစွဲသူများအား လိုက်နာရမည့် စည်းကမ်းများနှင့် တားမြစ်ချက်များကို အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ပိုးသတ်ဆေးဥပဒေများနှင့်အညီ အသက်အန္တရာယ် ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်နယ် /တိုင်းဒေသကြီးနဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများ၊ ပိုးသတ်ဆေးလုပ်ငန်းများ ဆောင် ရွက်နေတဲ့ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများအား ပညာပေးဆွေးနွေးမှုလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ခုနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ် ၇ ခုတို့တွင် ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ရာ တက်ရောက်သူ စုစုပေါင်း ၂၁၉၈ ဦး ဖြစ်ခဲ့ပါတယ်။

ပိုးသတ်ဆေးများကို ပြည်သူများအန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှုများအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း သင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် တောင်သူပေါင်း ၄၇၇,၂၀၂ ဦးအား ပညာပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်သူပညာပေးသင်တန်းကျောင်း Farmer Free School များကိုလည်း ၂၀၀၀ ပြည့်နှစ်မှစပြီးတော့ ၂၀၁၃ ခုနှစ်အတွင်း ဖွင့်လှစ်၍ တောင်သူဦးရေ ၅၁၈၄ ဦးကို ပညာပေးခဲ့ပါတယ်။ ပိုးသတ်ဆေး အရောင်းဆိုင်များ စစ်ဆေးဆောင်ရွက်ပြီးစီးမှုကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု တို့မှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပိုးသတ်ဆေးဆိုင်ပေါင်း ၂၄၆၅ ဆိုင်ကို ၆၆၃ ကြိမ် စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပညာရှင်အဖွဲ့များကို ဖွဲ့စည်းလျက် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တာဝန်ပေးအပ်၍ ပိုးသတ်ဆေး ဥပဒေဆိုင်ရာ အကြောင်းအရာများ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးနည်းပညာများကို သင်တန်းဖွင့်လှစ်ပို့ချ ဆောင်ရွက်လျက်ရှိပါတယ်။ ပိုးသတ်ဆေး ရောင်းဝယ်ဖောက်ကားတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ စိတ်ပါဝင်စားသူ တောင်သူများကိုလည်း လက်မှတ်ရ ပိုးသတ် ဆေးသုံးစွဲသူ သင်တန်းများ ဖွင့်လှစ်ပို့ချပြီး ၂၀၁၃ ခုနှစ်အထိ စုစုပေါင်း ၁၂၅၈၄ ဦးအား အသိအမှတ်ပြု လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ပါတယ်။

ထို့ပြင် ပိုးသတ်ဆေးများရဲ့ အရည်အသွေး မှန်ကန်စေရေးအတွက် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၄)၊ ပုဒ်မ ၃၀ တွင် ပိုးသတ်ဆေးတင်သွင်းသူများ လိုက်နာရမယ့် အချက်များနှင့် အခန်း (၅)၊ ပုဒ်မ ၃၁ တွင် ရောင်းဝယ်ဖောက်ကားသူများက လိုက်နာရမည့် အချက်များတွင် ဖော်ပြထားသည့်အတိုင်း အရည်အသွေးစစ်ဆေးရန် နမူနာများအား စနစ်တကျ ကောက်ယူလျက် ဓာတ်ခွဲခန်းများမှာ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့ နိုင်ငံတော်အစိုးရသစ်ကာလတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အသီးသီးသို့ အာဏာခွဲဝေအပ်နှင်းထားပြီးဖြစ်ပါသဖြင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိသော တရားမဝင် ပိုးသတ်ဆေးများအပေါ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တိုက်ရိုက်အရေးယူဆောင်ရွက်လျက် ရှိပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချတဲ့ ပိုးသတ်ဆေးများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်သုံးစွဲရမည့် နည်းစနစ်များ၊ လက်ကမ်းစာစောင်များ၊ သုံးစွဲရမည့်အညွှန်းများကို

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး၊ ပိုးသတ်ဆေးသုံးစွဲနည်းပညာများအား ရှမ်း၊ ပအိုဝ်ဘာသာဖြင့် ရေးသားပြုစုဖြန့်ဝေလျက်ရှိခြင်း၊ ချယ်ရီ ရေဒီယိုအစီအစဉ်မှ ပညာပေးအသံလွှင့်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် ပိုးသတ်ဆေးဥပဒေဟာ ၁၉၉၀ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သဖြင့် ယနေ့ခေတ်ကာလနှင့် လိုက်လျော ညီထွေဖြစ်စေရန် ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနဲ့ ပူးပေါင်းပြီး ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းများ ပြုလုပ်လျက်လွှတ်တော်သို့တင်ပြရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။(ဩဘာသံများ)

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ၏ ဘဝမြှင့်တင်မှုဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ရိုလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့ကို ဒီအသက်ဒီအရွယ်အထိ ကြီးပြင်းလာအောင် ပြုစု စောင့်ရှောက်ပေးခဲ့တဲ့ တပ်မတော်ရဲ့ကျေးဇူးနဲ့ဆက်နွယ်ပြီးတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ရဲဘော်ရဲဘက်တွေဖြစ်တဲ့ စစ်မှုထမ်းဟောင်းများအတွက် မေးမြန်းမယ့်မေးခွန်းဖြစ်ပါတယ်။ စစ်သား ဘဝရဖို့မလွယ်သလို ရပြန်တော့လည်း ပင်ပန်းခြင်း၊ ဆင်းရဲခြင်း၊ စွန့်လွှတ်ခြင်းများစွာနှင့် အသက်ကို ပဓာနမထားဘဲနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာတွေ အများကြီးဖြစ်ပါတယ်။ ဘယ်နိုင်ငံရေးမှမပါဘဲနဲ့ နိုင်ငံတော်ရဲ့ကာကွယ်ရေးနှင့်လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရည်ရွယ် ပြီးတော့မှ ရှေ့တန်းစစ်မြေပြင်မှာ ဒုက္ခပေါင်းများစွာကို ပျော်ရွှင်စွာနှင့်လက်ခံပြီးတော့ ကာလ ရှည်စွာ မိသားစုရဲ့စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး မစောင့်ရှောက်နိုင်တဲ့ ဖခင်များဘဝအနေနဲ့ လည်း နေခဲ့ကြတာမနည်းပါဘူး။ စဉ်းစားကြည့်မယ်ဆိုရင် အကျဉ်းအကြပ်ထဲမှာနေရတယ်ဆိုတဲ့ လူတွေထက် ဒုက္ခပေါင်းများစွာ ပိုလို့ပင်ပန်းဆင်းရဲတဲ့ဘဝကို ဖြတ်ကျော်ခဲ့ရတာဖြစ်ပါတယ်။ ဖခင် ဖြစ်သူဟာ စစ်သားတင်မကပါဘူး။ ဇနီး၊ သားမယားများပါ နယ်စွန်နယ်ဖျားတွေမှာ ကြီးပြင်းလာရတဲ့ အတွက် ဒီကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဘက်စုံချို့တဲ့ခဲ့ရရှာပါတယ်။ ဒီလိုအနေအထား ကနေပြီးတော့ တစ်ချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်ကနေ အငြိမ်းစားယူကြပြန်တော့ လည်း နေထိုင်ဖို့အခက်အခဲရှိတဲ့သူတွေ၊ စားဝတ်နေရေးအတွက် ခက်ခဲတဲ့လူတွေ၊ သားသမီးတွေရဲ့

ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခက်အခဲတွေကို ကြုံတွေ့ခဲ့ရပါတယ်။ တပ်ထဲမှာတုန်းကတော့ စားဝတ်နေဖို့မပူပင်နေရပေမယ့်လို့ စစ်မှုထမ်းဟောင်းဘဝရောက်တဲ့အခါမှာ ပူပင်ကြရပါတယ်။ စီးပွားရေးအတွေ့အကြုံကလည်းမရှိ၊ အရင်းအနှီးကလည်းမရှိ၊ အလုပ်အကိုင်ကလည်းခက်ဒီထဲမှာ ကိုယ်လက်အင်္ဂါစွန့်လွှတ်ပြီးတော့ စစ်မှုထမ်းဟောင်းဘဝရောက်သွားတဲ့ ရဲဘော်တွေအတွက်ပိုပြီးတော့ အခက်အခဲတွေကို ကြုံတွေ့တာ တွေ့မြင်ကြရတာဖြစ်ပါတယ်။ ယနေ့ မြို့နယ်အသီးသီးမှာ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်တွေရှိပါတယ်။ ဒီအဖွဲ့ချုပ်တွေမှာ ဌာနချုပ်ကနေပြီးတော့ စစ်မှုထမ်းဟောင်းများကွယ်လွန်ရင် ဆုကြေးငွေ ၁၀၀၀၀ ပေးပါတယ်။ အသက် ၇၅ နှစ်ပြည့်ပြီးတဲ့ စစ်မှုထမ်းဟောင်းတွေကို ငွေအနေနဲ့ ၂၀၀၀၀ ထောက်ပံ့ပါတယ်။ အလားတူပဲ သားသမီးတွေထဲက ဂုဏ်ထူးရရင် ၁၀၀၀၀ ချီးမြှင့်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီးတော့ မူလတန်းကို ၁၀၀၀၀၊ အလယ်တန်းကို ၁၅၀၀၀၊ အထက်တန်းကိုလည်း ၂၀၀၀၀ ချီးမြှင့်တာကိုလည်းတွေ့ရပါတယ်။ ထူးခြားမှုတစ်ခုကတော့ ဒီဘက်ခေတ်ကာလမှာ ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ လွယ်လွယ်ကူကူနဲ့ ဆေးရုံတက်ပြီးတော့ ကုသမှုရနေတာပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ စစ်မှုထမ်းဟောင်းအနေနဲ့ များစွာဝမ်းပန်းတသာနဲ့ကြိုဆိုပါတယ်။ သို့သော် ပြန်စဉ်းစားကြည့်မယ်ဆိုရင် ယနေ့ တပ်မတော်စစ်မှုထမ်းဟောင်းများရဲ့ဘဝသည် တပ်မတော်ရဲ့ အင်အားပြည့်ဝဖို့အတွက် များစွာသက်ရောက်မှုရှိနေပါတယ်။ စစ်မှုထမ်းဟောင်းတွေကိုလေ့လာကြည့်လို့ စစ်မှုထမ်းဟောင်းတွေက စားဝတ်နေရေးမပြေလည်ဘူး။ အခက်အခဲ တွေ့နေတာကိုမြင်ရင် နောင်အနာဂတ်မှာ တပ်မတော်ထဲဝင်မယ့်ကလေးတွေဟာ သူတို့ကိုကြည့်ပြီးဝင်ဖို့အတွက် အဟန့်အတားဖြစ်မှာဖြစ်ပါတယ်။ တကယ့်လို့ စစ်မှုထမ်းဟောင်းတွေဟာ တာဝန်ကျေပွန်ပြီးတော့ တပ်မတော်က အငြိမ်းစားယူလို့ ပြောင်ပြောင်ယောင်ယောင်နဲ့ နေရတာမျိုးမြင်တယ်ဆိုရင်တော့ အနာဂတ်မှာ လူငယ်များစွာ ကျွန်တော်တို့ အရင်ခေတ်လိုပဲ တပ်မတော်ထဲကို ဝင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နောင်လာမယ့် အနာဂတ်မှာ တပ်မတော်သားတွေအတွက် အာမခံချက်တစ်ခုနှင့် တပ်ထဲဝင်တဲ့အဆင့်ကိုလည်း ဆောင်ရွက်ပေးဖို့လိုမယ်လို့ အကြံပြုတင်ပြလိုပါတယ်။ စစ်မှုထမ်းဟောင်းတွေရဲ့ဘဝကို လိုအပ်နေတဲ့အချက်တွေကို ဖြည့်ဆည်းပေးတဲ့နည်းတူ ယနေ့စစ်မှုထမ်းဟောင်းအဖွဲ့ကိုကြည့်ရင် ဖွဲ့စည်းမှုအနေနဲ့ ရန်ကုန်တိုင်းမှာ တိုင်းပြင်ပ၊ တိုင်းအတွင်း ဥက္ကဋ္ဌတွေရှိပါတယ်။ အမှန်တကယ်စိတ်ဝင်စားမယ့် နေရမျိုးကိုပေးရင် ပြဿနာမရှိပါဘူး။ ယနေ့ ရန်ကုန်တိုင်းမှာ တိုင်းရဲ့အတွင်းရေးမှူးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။ သူတို့လည်း ကြိုးစားပြီးတော့ လုပ်ပါတယ်။ မလုပ်လို့ ပြောခြင်းမဟုတ်ပါဘူး။ သို့ပါသော်လည်း မိမိရဲ့ မူလတာဝန်များပြားတဲ့အတွက်ကြောင့် အခက်အခဲများစွာတွေ့ကြုံ

နေတဲ့ စစ်မှုထမ်းဟောင်းတွေကို အကူအညီရာနှုန်းပြည့်မပေးနိုင်ပါဘူး။ ဒါကြောင့် ဖွဲ့စည်းမှုတွေကိုလည်း ပြန်လည်လေ့လာဖို့လိုပါတယ်။ နောက်တစ်ခုက အစုအဖွဲ့မှုဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းများကို တပ်ရင်းတွေ၊ တပ်ခွဲတွေ၊ တပ်စုတွေ ဖွဲ့ပြီးတာ နှစ်တွေမနည်းတော့ပါဘူး။ သို့သော် ယနေ့ခေတ်ပြောင်းကာလမှာ နိုင်ငံတော်အကျိုးအတွက် တစ်တပ်တစ်အားပါဝင်နိုင်တဲ့ အသင်းအဖွဲ့ဖြစ်အောင် စီမံဖို့လည်းလိုမယ်လို့ထင်ပါတယ်။ ဒီလိုဖွဲ့ထားပြီးတော့ ဘာမှအသုံးမကျတဲ့အခါကျတော့ စစ်မှုထမ်းဟောင်းများသည် များစွာအခက်အခဲရှိပါတယ်။ ဒါကြောင့် တာဝန်ပေးအပ်တဲ့အပိုင်းတွေ ပြန်လည်သုံးသပ်ပြီးတော့ နိုင်ငံတော်အကျိုးအတွက် လက်တွေ့ကျကျသယ်ပိုးပြီးတော့ နေထိုင်စားသောက်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးဖို့နှင့် ပြည်သူချစ်တဲ့ စစ်မှုထမ်းဟောင်းတွေဖြစ်စေဖို့ ဆန္ဒနဲ့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နံပါတ်(၁) ကျွန်တော်တို့နိုင်ငံတော်မှာ တပ်မတော်မှ အငြိမ်းစားယူပြီးတော့မှ စစ်မှုထမ်းဟောင်းဦးရေ ဘယ်လောက်ရှိပါသလဲ။ မေးခွန်း(၂) အနေနဲ့ စစ်မှုထမ်းဟောင်းတွေကို နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်ပြီးတော့ လက်တွေ့မကျတဲ့ အစီအမံတွေမဟုတ်ဘဲနဲ့ လက်တွေ့ကျတဲ့ မည်သည့်တာဝန်တွေပေးအပ်ဖို့ အစီအစဉ်ရှိပါသလဲ။ နံပါတ်(၃)အနေနဲ့ တပ်မတော်မှာ အသက်သွေးချွေးပေးဆပ်လို့ တာဝန်ကျေပွန်အောင်ထမ်းဆောင်ခဲ့ပါသော်လည်း အများစုက စစ်မှုထမ်းဟောင်းဘဝမှာ စားဝတ်နေရေးချို့တဲ့စွာနှင့် နေထိုင်ရပ်တည်နေရတဲ့အပြင် သူတို့ရဲ့ သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခက်အခဲတွေ ကြုံတွေ့နေရတဲ့အတွက်ကြောင့် နိုင်ငံတော်အနေနဲ့ ယခုဆောင်ရွက်နေတာထက် ပိုမိုကောင်းမွန်တဲ့ စစ်မှုထမ်းဟောင်းများကို ဘဝမြှင့်တင်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးအနေနဲ့ ကျွန်တော်တို့ကို စစ်မှုထမ်းဟောင်းများရဲ့ အခြေအနေ၊ သူတို့ရဲ့ စွန့်လွှတ်စွန့်စားမှုတွေ၊ နောက်သူတို့ လိုအပ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ စားဝတ်နေရေးအခက်အခဲတွေ၊ နောက်အာမခံချက်ရှိဖို့ အနေအထားတွေ၊ ဖွဲ့စည်းမှုမှန်ကန်ဖို့အတွက် အခြေအနေတွေကို ကျွန်တော်တို့ကို တင်ပြသွားပါ

တယ်။ နောက်ပိုင်းကတော့ မေးခွန်းအနေနဲ့ ယနေ့စစ်မှုထမ်းဟောင်းဦးရေ၊ နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်ပြီးတော့ ဘယ်လိုတာဝန်ပေးအပ်ရန် အစီအစဉ်နဲ့ စစ်မှုထမ်းဟောင်းများနှင့် မိသားစုများရဲ့ ဘဝ မြှင့်တင်ပေးမှုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့မေးမြန်းသွားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားသွားမှာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ရဲ့လက်ရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်အင်အားကတော့ အမာခံ ၇၆၉၇ ဦး၊ အခြားအဆင့် ၉၃၅၅၃ ဦး၊ ပေါင်း ၁၀၁၂၅၀ ဦးရှိပါတယ်။ အရန်တပ်ဖွဲ့အင်အားအနေနဲ့ ၁၂၅၆၆၈ ဦးပါမယ်ဆိုရင် စုစုပေါင်း ၂၂၆၉၁၈ ဦးရှိပါတယ်။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ယနေ့အချိန်အခါမှာ ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၂) ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဟာ တို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ် ခံယူပြီးတော့ အောက်ဖော်ပြပါရည်ရွယ်ချက် ၃ ချက်နဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို တပ်မတော်၏ ဦးဆောင်မှုအား အစဉ်မပြတ်ခံယူဆောင်ရွက်သွားရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အချင်းချင်းနှင့် မိသားစုများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီ ဆောင်ရွက်သွားရန်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အထက်ပါရည်ရွယ်ချက်များနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်ကြီး ၅ ရပ်ဖြစ်တဲ့ အမျိုးသားနိုင်ငံရေးရာ လုပ်ငန်းတာဝန်တွေ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာလုပ်ငန်းတာဝန်တွေ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းတာဝန်တွေဖြစ်ပါတယ်။ နောက် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်နှင့် လူမှုရေးနှင့်သက်သာ ချောင်ချိရေး လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါတယ်။

ယနေ့ မျက်မှောက်ခေတ်ကာလမှာ အင်အားကြီးနိုင်ငံများကနေပြီးတော့မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေး နည်းလမ်းများဖြင့် တစ်နိုင်ငံလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ကိုလည်းကောင်း သပ်လျှိုသွေးခွဲ၍ အချုပ်အခြာအာဏာကို ကျူးကျော်စော်ကားလာနိုင်သည့် အန္တရာယ်များရှိလာနိုင်ရင်လည်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဟာ တပ်မတော်အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်၏ ဦးဆောင်မှု၊ လမ်းညွှန်မှု နှင့်အညီ အတူတကွပူးပေါင်းပါဝင်ပြီးတော့ တိုင်းရင်းသားပြည်သူလူထုနှင့်လက်တွဲပြီး အန္တရာယ်မှန်

သမ္မှုကို ကာကွယ်စောင့်ရှောက်သွားမှာပဲဖြစ်ပါတယ်။ မိမိတို့ရဲ့ တပ်မတော်အနေဖြင့် နိုင်ငံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်မှ အနားယူခဲ့သည့် အငြိမ်းစားစစ်မှုထမ်းများ၊ ကျဆုံး၊ သေဆုံးစစ်မှုထမ်းများ၏ မှီခိုသူမိသားစုဝင်များ ဘဝရပ်တည်မှုအဆင်ပြေချောမွေ့စေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးလျက်ရှိရာမှာ စစ်ဆင်ရေးတွင် ကျဆုံး၊ သေဆုံးနှင့် ဒဏ်ရာရရှိပြီးသော ဆေးအဆင့်နိမ့်သတ်မှတ်ခြင်းခံရသော အရာရှိစစ်သည်များအား ထောက်ပံ့ပေးတဲ့နေရာမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ ငွေကျပ်သန်းပေါင်း ၂၂၀၆၃.၃ သန်းထောက်ပံ့ပေးအပ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကိုလည်း အဆင့်ဆင့်စနစ်တကျဖွဲ့စည်းထားရှိပြီး အငြိမ်းစားစစ်မှုထမ်းများနှင့် မှီခိုသူမိသားစုဝင်များ၏ နေရေး၊ ထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပိုမိုထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်စစ်မှုထမ်းဟောင်း၊ တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များသို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အစုရှယ်ယာများ ထည့်သွင်းပေးတဲ့နေရာမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကုန်မှာဆိုရင် အစုရှယ်ယာထည့်ဝင်ပြီးဖြစ်လာမည့် ငွေမှာ ကျပ်သန်းပေါင်း ၅၂၇၁.၃ သန်းဖြစ်ပါတယ်။ ဒီငွေ ပမာဏကိုကြည့်ရင်လည်း ကျွန်တော်တို့ တပ်မတော်အနေနဲ့ စစ်မှုထမ်းဟောင်းများရဲ့အချိုးကို ဘယ်လောက်နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်ပေးနေတယ်ဆိုတာလည်း နောင်လည်း ဆောင်ရွက်ပေးနေ ဦးမှာလည်းဆိုတဲ့စေတနာဟာလည်း ပေါ်လွင်နေမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး အစီအစဉ်နဲ့ တိုင်းစစ်ဌာနချုပ် နယ်မြေအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများဖော်ထုတ်တည်ဆောက်ပြီး နေရာချထားပေးလျက်ရှိရာမှာ အိမ်ရာဆောက်လုပ်ပေးမည့်အရေအတွက် ၃၄၄၄ မှာ ဆောက်လုပ်ပြီးအရေအတွက် ၂၆၄၇ လုံး ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ အရေအတွက်ကတော့ ၁၈၄ လုံးနှင့် ဆောက်လုပ်ရန်ကျန်ကတော့ ၆၁၃ လုံးဖြစ်ပါတယ်။ ဆောက်လုပ်ပြီး ၂၆၄၇ လုံးအနက်မှ နေရာချထားရေး ၂၅၃၄ လုံး နေရာချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ အရေအတွက်က ၁၁၃ လုံးဖြစ်ပါတယ်။ ထိုစစ်မှုထမ်းဟောင်းအိမ်ရာများအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ လစဉ်ငွေကျပ်သိန်း ၁၀၀ နှင့် ဘီလပ်မြေအိတ် ၁၀၀၀ ကို တိုင်းစစ်ဌာနချုပ်အလိုက် အလှည့်ကျ ခွဲဝေထောက်ပံ့ပေးလျက်ရှိပါတယ်။ ၎င်းအိမ်ရာများတွင် နေထိုင်ခြင်းမရှိဘဲ မိမိကိုယ်ပိုင်အိမ်ခြံမြေတွင် နေထိုင်သူများအတွက်လည်း အိမ်ပြင်စရိတ်တစ်ဦးလျှင် ကျပ် ၅ သိန်းနှုန်း ထောက်ပံ့လျက်ရှိပါတယ်။ မြန်မာနိုင်ငံ

စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်ဖြစ်ပါက အောက်ပါအတိုင်း ကျွန်တော်တို့ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခုနကလည်း ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး တင်ပြသွားပြီးဖြစ်ပါတယ်။

အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေအား ပြည်နယ်/တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များမှတစ်ဆင့် တင်ပြလာပါက စစ်မှုထမ်းဟောင်းဗဟိုမှစိစစ်၍ နှစ်စဉ် တစ်ဦးလျှင် ၂၀၀၀၀ ကျပ်နှုန်းတစ်ကြိမ်ထောက်ပံ့ခြင်း၊ စစ်မှုထမ်းဟောင်းညီလာခံကျင်းပချိန်မှာ မသန်မစွမ်းအဖွဲ့ဝင်များအတွက် ၃၀၀၀၀ ကျပ်နှုန်း တစ်ကြိမ်ထောက်ပံ့ခြင်း၊ နာရေးထောက်ပံ့ခြင်းအား တစ်ဦးလျှင် ၁၀၀၀၀ ကျပ်နှုန်းထောက်ပံ့ခြင်း၊ ခြေတုတပ်ဆင်ခြင်းအား ဒူးအောက် ၁၅၀၀၀၀ နှုန်းနှင့် ဒူးအထက် ၄၀၀၀၀၀ ကျပ်နှုန်းဖြင့် ပြည်နယ်/တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များမှတစ်ဆင့် အမည်စာရင်းတောင်းခံစိစစ်၍ အလှည့်ကျလစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တက္ကသိုလ်ကောလိပ်ပညာသင်ထောက်ပံ့ကြေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးအရန်အဖွဲ့ဝင်များတစ်ဦးလျှင် ၂၀၀၀၀ ကျပ်နှုန်းအား လျှောက်ထားပါက တစ်နှစ်တစ်ကြိမ် စိစစ်ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြရရင် ကျွန်တော်တို့ တပ်မတော်တစ်ရပ်လုံးမှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူနုတ်ထွက်ကြသည့် အရာရှိစစ်သည်များ၊ စစ်ဆင်ရေးတွင် ကျဆုံး၊ သေဆုံးသည့် အရာရှိစစ်သည်များ၏ မှတ်တမ်းဝင် အမွေခံမိသားစုဝင်များ၊ စစ်ဆင်ရေးတွင် ရန်သူလက်နက်ဖြင့် ဒဏ်ရာရရှိပြီး ဆေးအဆင့်နိမ့်သတ်မှတ်ခြင်းခံရလျက် အငြိမ်းစားယူနုတ်ထွက်ခဲ့ရသော အရာရှိစစ်သည်များအား ကိုယ့်အိုးကိုယ့်အိမ်ဖြင့် အေးချမ်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် စစ်မှုထမ်းဟောင်း အိမ်ရာများ ဆောက်လုပ်ပြီးတော့ ကာယကံရှင်မှ ထိုက်သင့်သော ငွေကြေးကျခံပေးမယ်။ ထပ်မံလိုအပ်တဲ့ငွေကို ကျွန်တော်တို့ တပ်မတော် အထွေထွေသက်သာချောင်ချိရေးရန်ပုံငွေမှ ထိုက်သင့်သလို ကျခံခြင်း နည်းလမ်းဖြင့် အိမ်ရာစီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြလိုပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်များမှာ တက္ကသိုလ်ဝင်စာမေးပွဲမှာထူးချွန်စွာ အောင်မြင်ခဲ့တဲ့ ဂုဏ်ထူး ၃ ဘာသာအထက်ရောက်ရှိခဲ့တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ၂၀၂ ဦးအပါအဝင် စစ်သည်မိသားစုများ၏ သားသမီးစုစုပေါင်း ၁၂၂၉ ဦးကို ရွေးတံဆိပ်ဆု အပါအဝင် ချီးမြှင့်ငွေများပေးအပ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၏ သားသမီးများ၊ အရပ်သားဝန်ထမ်း များ၏

သားသမီးများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် အဆင့်မြင့် ပညာအဆင့်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ် ပညာသင်ဆုချီးမြှင့်ရေးနှင့်ပတ်သက်၍ တပ်မတော်အကြီးအကဲမှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများ ပညာရေးဆုံးခန်းတိုင်အောင် ပြည့်စုံစွာ သင်ကြားနိုင်ရေးကို ဦးတည်ပြီးတော့ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရေးအစီအစဉ်ကို ဆောင်ရွက် လျက်ရှိပါတယ်။ ဒီအစီအစဉ်မှာဆိုရင် အပိုင်းနှစ်ပိုင်းနှင့်တင်ပြရမယ်ဆိုရင် အခြေခံပညာအထက်တန်း ကို ထူးချွန်စွာအောင်မြင်ပြီးတော့ ဆက်လက်ပညာသင်ကြားရန် အခက်အခဲရှိတဲ့တာဝန်ထမ်းဆောင် နေတဲ့ အရာရှိစစ်သည်များရဲ့ သားသမီးများတစ်ပိုင်းပါပါတယ်။ နောက်တစ်ပိုင်းကတော့ အငြိမ်းစား ယူပြီး အရာရှိစစ်သည်များလည်း အလားတူပါပဲ။ ကျွန်တော်တို့ အခြေခံပညာအထက်တန်းကို ထူးချွန်စွာအောင်မြင်မယ်။ ပညာသင်ရန်အခက်အခဲရှိမယ်ဆိုရင် စစ်ဆေးရေးဘုတ်အဖွဲ့တွေ စိစစ်ပြီး တော့ ဒီထဲကနေပြီးတော့ ပညာရေးထူးချွန်တဲ့ ၃၀ ဦးစီကို ကျွန်တော်တို့ ပညာသင်ဆုချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်တဲ့ အကျုံးဝင်တဲ့ တက္ကသိုလ်များကို တင်ပြရမယ်ဆိုရင် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ နည်းပညာ တက္ကသိုလ်များ၊ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ် ရတနာပုံ ဆိုက်ဘာစီးတီး၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) စသော တက္ကသိုလ်မှာ တက်ရောက်တဲ့ ကျောင်းသားတွေပဲဖြစ်ပါတယ်။ ကျောင်းသားတစ်ဦး တစ်နှစ်ပညာသင်စရိတ်အဖြစ် ကြိုတင်ပြင်ဆင်စရိတ်အပါအဝင် ၅၄၀၀၀၀ ချီးမြှင့်သွားပြီး နှစ်စဉ် လည်း ဆက်လက်ချီးမြှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပဉ္စမနှစ်ထိ တွက်ချက်ထားပြီး တော့ ပဉ္စမနှစ် ချီးမြှင့်ချိန်ပြီးရင်တော့ တစ်နှစ်ကို ကျောင်းသား ၂၁၀ ဦးစီကို ထောက်ပံ့သွားမှာဖြစ်ပါ တယ်။ ထောက်ပံ့တဲ့နေရာမှာ ကျွန်တော်တို့ စစ်မှုထမ်းဟောင်း ဗဟိုအဖွဲ့ဝင် ဗဟိုဦးစီးကော်မတီ ကလည်း ၂၁၀ ဦး၊ ကျွန်တော်တို့ တပ်မတော်ပိုင်းဆိုင်ရာလည်း ၂၁၀ ဦး ထောက်ပံ့သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အချုပ်တင်ပြရရင်တော့ တပ်မတော်ဟာ တို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင် ပြီးတော့ တပ်မတော်အင်အားတောင့်တင်းပြီး ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် အစဉ်ရပ်တည်နိုင် ရေးအတွက် တပ်မတော်အကြီးအကဲအနေဖြင့် လက်ရှိတပ်မတော်သားများ၏ အကျိုးစီးပွားသာမက တပ်မတော်မှ အငြိမ်းစားစစ်မှုထမ်းဟောင်းများ၏ အကျိုးစီးပွားကိုလည်း အစဉ်ထာဝရ ကြိုးပမ်း

ဆောင်ရွက်နေဦးမှာပဲဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဝေးလံခေါင်သီသော ဒေသများတွင် အခြေပြုထားသော တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မသန်စွမ်းစစ်သည်(အငြိမ်းစား) များအတွက် နိုင်ငံတော်မှ ကူညီထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ ရိုလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ မေးခွန်းများကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖာပွန်ဒေသလို ဝေးလံခေါင်သီတဲ့ဒေသတွေမှာရှိကြတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် နယ်ဘက်ဌာနဆိုင်ရာ ဝန်ထမ်းတွေဟာ အခုအခါမှာ ဒေသရှားပါးစရိတ် ရရှိခံစားကြနေပြီဖြစ်ပါတယ်။ စားဝတ်နေရေး အထိုက်အလျောက် အဆင်ပြေနေကြပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း အဲဒီလို ဝေးလံခေါင်သီတဲ့ဒေသမှာ အခြေစိုက်ထားကြတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိတဲ့ တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့တွေက တပ်မတော်သားတွေကတော့ ဒေသစရိတ်၊ ရှားပါးစရိတ်ကို ခံစား ခွင့်မရရှိခဲ့ကြပါဘူး။ ဒီတပ်မတော်သားတွေမှာ သူတို့ကို မှီခိုနေကြတဲ့ မိသားစုဝင်တွေရှိကြပါတယ်။ ခက်ခဲရှားပါးတဲ့ဒေသမှာ သူတို့နဲ့အတူ လိုက်ပါနေထိုင်လျက်ရှိနေကြပါတယ်။ အရင်တုန်းက ၂၀၀၃ ခုနှစ် မတိုင်မီတုန်းက ဒီလိုဒေသမျိုးမှာရှိတဲ့ တပ်မတော်သားတွေရဲ့ မှီခိုသူမိသားစုဝင်တွေကို အခြေခံ စားသောက်ကုန်တွေဖြစ်ကြတဲ့ ဆန်၊ ဆီ၊ ပဲ၊ ဆားအစရှိတဲ့ မိသားစုရိက္ခာ၊ ယူနစ်ရိက္ခာအဖြစ်နဲ့ ထုတ်ပေးခဲ့ဖူးကြောင်း သိရှိရပါတယ်။ ဒါပေမယ့် ၂၀၀၃ ခုနှစ်လောက်ကနေစပြီးတော့ ထုတ်ပေးခြင်း မပြုတော့ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘောလုံးအသင်းတစ်သင်းမှာ နောက်တန်းဆိုတာအလွန်အရေးကြီးပါတယ်။ မိမိရဲ့နောက်တန်းဟာ လုံခြုံတယ်၊ စိတ်ချရတယ်ဆိုတဲ့ အသိရှိမှ ယုံကြည်မှုရှိမှသာလျှင် ရှေ့တန်းကတိုက်စစ်မှူးတွေဟာ အောင်နိုင်ရေးအတွက်ဂိုးတွေသွင်း နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖာပွန်မြို့မှာ အခြေကျစစ်ဗျူဟာ တစ်ခု တပ်ရင်း ၄ ရင်းနှင့် တပ်ဖွဲ့၊ တပ်စွယ်တွေအခြေစိုက်လျက်ရှိနေပါတယ်။ အဲဒီ တပ်ရင်းတပ်ဖွဲ့ တွေဟာ ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ ရှေ့တန်းစခန်းတွေကို သွားပြီးတော့ ရှေ့တန်းထွက်စခန်းထိုင်ကြ ပါတယ်။ အဲဒီကတပ်ရင်းတွေ၊ တပ်ဖွဲ့တွေဟာ ရှေ့တန်းဆိုရင်လည်းရှေ့တန်း၊ နောက်တန်းကလည်း ရှေ့တန်း လိုပဲဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်မြေအခြေအနေကိုက လုံခြုံရေးအသိ အမြဲတမ်းရှိ နေကြရပါတယ်။ ယောကျ်ားဖြစ်သူကရှေ့တန်းထွက်နေတဲ့အချိန်မှာ နောက်တန်းမှာရှိတဲ့ စစ်သည်များ ရဲ့ ဇနီးမယားရဲမေများဟာ သေနတ်ကိုင်ပြီးတော့ လုံခြုံရေးကင်းစောင့်တဲ့ အခြေအနေမျိုးတွေရှိခဲ့ဖူး ပါတယ်။ တပ်ရင်းတစ်ရင်းဆီမှာ Enemy Action EA-1 လို့ခေါ်တဲ့ ခြေလက်အင်္ဂါ စွန့်လွှတ်ထားကြတဲ့ တပ်မတော်သားစစ်သည် ၁၅ ဦး၊ ၂၀ ဦးလောက်ရှိနေကြပါတယ်။ ဒီလ ဩဂုတ်လ ၅ ရက်နေ့က ကျွန်တော်တို့ ဖာပွန်အခြေစိုက် ခမရ (၄၃၄) တပ်မတော်သားနှစ်ဦး မိုင်းနင်းမိလို့ တစ်ဦးကတော့ ခြေထောက်တစ်ဖက်ပြတ်သွားပါတယ်။ တစ်ဦးကတော့ မျက်လုံးထွက်သွားပါတယ်။ ဒါက ဒီလမှာ ဖြစ်ခဲ့ ပါတယ်။ မသန်စွမ်းစစ်သည်ဆိုတာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် မိမိရဲ့ခန္ဓာကိုယ်ကို စွန့်လှူထားခဲ့ ကြတဲ့သူတွေဖြစ်ပါတယ်။ မသန်စွမ်းစစ်သည်တွေဟာ အများနည်းတူ စစ်ရေးတာဝန်တွေကိုလည်း ထမ်းဆောင်နိုင်စွမ်းမရှိကြတော့ပါဘူး။ တပ်ကနေထွက်ပြီးတော့ အပြင်လောကမှာ အငြိမ်းစားဘဝနှင့် ရပ်တည်ဖို့ရာမှာလည်းပဲ မသန်စွမ်းဘဝဖြစ်နေကြလို့ ပြင်ပလောကမှာ အလုပ်အကိုင်ရှာဖွေရရှိဖို့ မလွယ်ကူလှပါဘူး။ သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ မိသားစုစားဝတ် နေရေးအလျဉ်းမီနိုင်ဖို့ ကိုတောင် အနိုင်နိုင်ရင်ဆိုင်ဖြေရှင်းနေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ တပ်မတော်က အငြိမ်းစားတွေအတွက် စစ်မှုထမ်းဟောင်းအိမ်ရာတွေ ဆောက်လုပ်ပြီးတော့ နေရာတွေချထားပေး နေကြောင်း မြင်တွေ့ကြားသိနေရပါတယ်။ ကျွန်တော်တို့ ဖာပွန်မြို့မှာတော့ စစ်မှုထမ်းဟောင်းအိမ်ရာ ၁၀ လုံးဆောက်လုပ်ပေးထားတာကို တွေ့ရှိရပါတယ်။ ဒါပေမယ့် လိုအပ်ချက်ကတော့ များစွာရှိနေသေး တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငါ့နိုင်ငံတော် ငါ့နိုင်ငံသားအတွက် ငါ၏အသက်ကိုစွန့်လွှတ် ပါ၏ဟု အဓိဋ္ဌာန်ပြုထားကြတဲ့ အသက်ခန္ဓာစွန့်လွှတ်နေကြတဲ့ ပြည်သူ့တပ်မတော်သားများ၊ အထူးသဖြင့် ကျွန်တော်တို့ ဒေသလိုမျိုး အသက်အန္တရာယ်နှင့်နီးပြီး ခက်ခဲရှားပါးဝေးလံခေါင်သီတဲ့ ဒေသမှာ အခြေပြု၊ အခြေစိုက်ထားကြတဲ့ တပ်ရင်းတပ်ဖွဲ့တွေက တပ်မတော်သားများ၊ မှီခိုသူ မိသားစုဝင်များကိုယ်စား အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ (၁) ဖာပွန်ကဲ့သို့ ဝေးလံခေါင်သီသော ဒေသများတွင် အခြေစိုက်၊ အခြေပြုထားကြသော တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၏ မိသားစုဝင်များအား မိသားစုရိက္ခာများပြန်လည်ထုတ်ပေးရန်အစီအစဉ်ရှိ/

မရှိ။ အစီအစဉ်ရှိလျှင် မည်သည့်ကာလတွင် စတင်ထုတ်ပေးနိုင်မည်။ အစီအစဉ်မရှိလျှင် အဘယ်သို့သော အကြောင်းများကြောင့် ထုတ်မပေးနိုင်သည်ကို သိရှိလိုပါသည်။ မေးခွန်း (၂) မသန်စွမ်းစစ်သည် အငြိမ်းစားများအတွက် နိုင်ငံတော်မှ မည်သို့သော ထောက်ပံ့ကူညီမှုများ ပေးနေကြောင်းနှင့် မသန်စွမ်းစစ်သည်အငြိမ်းစားအားလုံးအတွက် အိမ်ရာများဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကနေ့ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ့် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးရဲ့မေးခွန်းများကို ပြန်လည်ဆန်းစစ် တင်ပြရမယ်ဆိုရင် အားလုံးသည် ကျွန်တော်တို့ တပ်မတော်သားများရဲ့အကျိုး၊ နောက်တပ်မတော်မှ အငြိမ်းစားယူသွားတဲ့ စစ်မှုထမ်းများရဲ့အကျိုးနဲ့ နောက်တစ်ခုက မသန်စွမ်းစစ်သည်များရဲ့အကျိုးများကို မေးမြန်းခဲ့တာကိုတွေ့ပါတယ်။ များသောအားဖြင့် မေးခွန်းတော်တော်များများဟာ စေတနာတူ၊ မေးခွန်းတူတဲ့အတွက်ကြောင့်မို့လို့ တချို့မေးခွန်းများကိုလည်း ကျွန်တော်တို့ ပေါင်းပြီးတော့ပဲ ဖြေသွားပါ့မယ်။ တချို့လည်း ဖြေပြီးသား ဖြစ်တဲ့ဟာကိုလည်း ကျွန်တော်တို့ ထပ်မံပြီးတော့မဖြေတော့ပဲနဲ့။

**မဟာဘွဲ့အရည်အချင်းပြည့်မီသော အချို့အရာရှိစစ်သည်များကို နိုင်ငံ့ဝန်ထမ်းများကဲ့သို့ ဘွဲ့လွန်ဒီဂရီသင်တန်းများ တက်ရောက်သင်ယူခွင့်ပြုရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မဖြေသေးဘဲနဲ့ ခဏဆိုင်းပေးပါ။ ဒါ့ကြောင့် တစ်ပေါင်းတည်းဖြေမယ်ဆိုရင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ကိုယ်စား ဦးသိန်းထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ကိုယ်စား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းမှာ အစောတုန်းက ဒုတိယဝန်ကြီးပြောသွားသလိုပဲ အနည်းငယ်ထပ်နေတာများရှိရင်တော့ ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာကြိုတင်

တင်ပြအပ်ပါတယ်။ ဝေးလံခေါင်သီသော သွားလာမှုခက်ခဲသည့် နေရာဒေသအသီးသီးတို့တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသော အခြေစိုက်တပ်မတော်၊ တပ်ရင်းများရှိ တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ အခြားနိုင်ငံ့ဝန်ထမ်းနည်းတူ ယင်းဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများကဲ့သို့ အပိုလစာ၊ ငွေကြေးခံစားခွင့်မရကြောင်းသိရှိရပါတယ်။ ယခင်ကဒေသများတွင် ထမ်းဆောင်ကြသော တပ်မတော်သားများအတွက်ပေးသော အပိုရိက္ခာများကဲ့သို့ ယခုထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်းနှင့် တပ်မတော်တစ်ရပ်လုံးရှိ တပ်မတော်သားများ၏ ဥပမိရုပ် ပိုမိုကောင်းမွန်စေရန် အဆင့်မြင့်စစ်ဝတ်တန်ဆာများကို အခြားသော နိုင်ငံများရှိ တပ်မတော်များကဲ့သို့ ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် တပ်မတော်သားများထဲတွင် တချို့အရာရှိစစ်သည်တို့သည် ပညာရေးမြင့်မားသူများ ဥပမာ ဥပဒေဖြင့်ဘွဲ့ရသူ၊ စီးပွားရေးနှင့်ဘွဲ့ရသူများတို့တွင် မဟာဘွဲ့အတွက် အရည်အချင်းပြည့်မီသူများရှိရာ ဘွဲ့လွန်ဒီဂရီများကို အခြားသော နိုင်ငံ့ဝန်ထမ်းများကဲ့သို့ တက်ရောက်သင်ယူခွင့်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်ရဲ့မေးခွန်းကို ဖြေကြားသွားပါမယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့ ဟာလေးပါ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကနေ့ ကျွန်တော်တို့ တပ်မတော်သားများထဲမှ အရာရှိစစ်သည်များရဲ့ ပညာရေးမြင့်မားသူများကို ဘွဲ့ရသူများ၊ စီးပွားရေးဘွဲ့ရသူများ၊ မဟာဘွဲ့အရည်အချင်းနှင့် ပြည့်မီသူများကို ဘွဲ့လွန်ဒီဂရီများ အခြားနိုင်ငံ့ဝန်ထမ်းများကဲ့သို့ ဘယ်လိုတက်ရောက်သင်ကြားခွင့်ပြုပါသလဲ။ နောက်တစ်ခုက ကျွန်တော်တို့ ဝေးလံခေါင်သီတဲ့ သွားလာမှုခက်ခဲတဲ့ ဒေသများထဲမှာ တပ်မတော်သားများအနေနဲ့ အပိုလစာ၊ ငွေကြေးခံစားခွင့် အပိုရိက္ခာထုတ်လုပ်ခံစားမှုအခြေအနေ၊ နောက်တပ်မတော်ရဲ့ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် အဆင့်မြင့်စစ်ဝတ်တန်ဆာများ ထုတ်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်လို့ ကျွန်တော်တို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့

နယ်မြေဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တပ်မတော်သားရဲ့ စစ်ဆင်ရေးတာဝန် အပြည့်အဝ တာဝန်ထမ်းဆောင်နေရေးအတွက် ရိက္ခာများကို သတ်မှတ်နှုန်းထားအတိုင်း ခွင့်ပြု ကျွေးမွေးလျက်ရှိပါတယ်။ စစ်ဆင်ရေး၊ နယ်မြေစိုးမိုးရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်များ ကို ၂၀၁၀ ပြည့်နှစ်ကပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအထိကို ကျပ်သန်းပေါင်း ၁၀၉၀ သန်းထောက် ပံ့ခဲ့ပါတယ်။ တပ်မတော်ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော မှီခိုသူလူနာစောင့်များ အတွက်လည်း ရိက္ခာ ၄ မယ်အပါအဝင် (၉/၂၀၁၂) လမှ (၇/၂၀၁၃) လအထိ ကျပ်သန်းပေါင်း ၆၂ သန်း ထောက်ပံ့ခဲ့ပါတယ်။ စစ်ဆင်ရေးတာဝန်များထမ်းဆောင်ပြီးပါက အင်အားဖြည့်ရိက္ခာများကို ဆရာဝန်လက်မှတ်ဖြင့် ထုတ်ပေးကျွေးမွေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကုန်ဈေး နှုန်းကြီးမြင့်ပြီးတော့ ဝယ်ယူရန်ခက်ခဲတဲ့ ဝေးလံခေါင်သီတဲ့ နယ်စပ်ဒေသများ တပ်မတော်သားများ၏ မိသားစုဝင်များအတွက် အိမ်ထောင်စုဝင်ရိက္ခာ (ယူနစ်ရိက္ခာ)များကို ၁-၆-၁၉၅၆ ရက်နေ့မှ ၃၁-၁၂- ၂၀၀၃ ရက်နေ့အထိသာ ငွေနောင်ပေးစနစ်နဲ့ထုတ်ပေးခဲ့ပြီးတော့ ကျသင့်ရိက္ခာ တန်ဘိုးငွေကို ကာကွယ်ရေးရငွေစာရင်းသို့ ပြန်လည်ပေးသွင်းစေခဲ့ပါတယ်။ ၁-၁-၂၀၀၄ ရက်နေ့မှစပြီး အိမ်ထောင်စု ဝင်ရိက္ခာ (ယူနစ်ရိက္ခာ)များကို ဆက်လက်ထုတ်ပေးခြင်း မပြုတော့ပါဘူး။ အိမ်ထောင်စုဝင်များအနေ ဖြင့် တပ်မတော်မှ ထုတ်ပေးရောင်းချမှုအပေါ်တွင် မှီခိုအားထားမှု၊ အမှီသဟဲပြုမှုမျိုး မရှိစေဘဲ မိသားစုအပိုဝင်ငွေရရှိစေဖို့အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူခြင်းဖြင့်လည်းကောင်း၊ တပ်တွင်း ကုန်စုံဆိုင်မှ စားကုန်/လူသုံးကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြင့် လည်းကောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ဆန်နှင့်အခြားစားသုံးသီးနှံများ သက်သာသောဈေးနှုန်းဖြင့် မိသားစုများသို့ ထုတ်ပေး/ရောင်းချစေခြင်းဖြင့်လည်းကောင်း၊ မိသားစုဝင် များ စားသောက်မှုအဆင်ပြေစေရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ နောက်ကျွန်တော် တို့ ယူနစ်ရိက္ခာများထပ်မံပြီးတော့ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့ တကယ်လို့ နောင် နိုင်ငံတော်မှ ဘဏ္ဍာငွေကြေးခွင့်ပြုပေးလာနိုင်မယ်ဆိုရင်တော့ ဝေးလံခေါင်သီသောဒေသများအတွက် အိမ်ထောင်စုဝင်ရိက္ခာ၊ ယူနစ်ရိက္ခာများရရှိရေးအတွက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)များအတွက် လိုအပ်တဲ့ စစ်ဝတ်တန်ဆာပစ္စည်းများ ကို တပ်မတော်စက်ရုံများမှ တာဝန်ယူထုတ်လုပ်ပေး လျက်ရှိပါတယ်။ တပ်မတော်စက်ရုံများအား အဆင့်မြှင့်တင်ခဲ့ရာ ၂၀၁၁ ခုနှစ် တပ်မတော်မိုးရေကာဖျင် စက်ရုံကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)၊

တပ်မတော်ဖိနပ်စက်ရုံတို့ကိုလည်းကောင်း အဆင့်မြှင့်တင်ပြီး ထုတ်ကုန်များကို စတင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များအတွက် ဇင်ပိတ်ဖြင့် ချုပ်လုပ်သော စစ်ဝတ်စုံများအစား တပ်မတော်စက်ရုံများ အဆင့်မြှင့်တင်ပြီးနောက် အရည်အသွေးပိုမိုကောင်းမွန်သည့် Polyester ၈၀ ရာခိုင်နှုန်း Cotton ၂၀ ရာခိုင်နှုန်းပါဝင်တဲ့ ပီစီဆူတင် ၃၀၀ ဒီ စစ်ဝတ်စုံနှင့် Polyester ၂၀ ရာခိုင်နှုန်း Cotton ၈၀ ရာခိုင်နှုန်း ပါတဲ့ ဇင်ဆယ်လူသာ စစ်ဝတ်စုံများကို ထုတ်ပေးလျက်ရှိပြီးတော့ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိများအတွက် Polyester ၁၀၀ ရာခိုင်နှုန်း ပါဝင်တဲ့စစ်ဝတ်စုံများကို ထုတ်လုပ်ရောင်းချပေးလျက်ရှိပါတယ်။ စစ်ဝတ်စုံအပြင် စစ်ဦးထုပ်များ၊ စွယ်တာအင်္ကျီများ အရည်အသွေးပိုမိုကောင်းမွန်စေရန် ချည်သားပြောင်းလဲချုပ်လုပ်ခြင်း၊ စစ်သုံးဂျာကင်များ ချမ်းအေးသည့် နယ်မြေများအလိုက် ထုတ်ပေးနိုင်ရန် အရည်အသွေးကောင်းမွန်စွာချုပ်လုပ်ခြင်း၊ အအေးပိုင်းဒေသများ သတ်မှတ်ပြီးတော့ ဦးစားပေးအစီအစဉ်အရ ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စစ်ဖိနပ် (အနက်)၊ တောစီးဖိနပ်၊ ရှူးဖိနပ်များကိုလည်း အရည်အသွေးမြှင့်တင်၍ နိုင်ငံတကာအဆင့်မီစွာ ချုပ်လုပ်ခြင်းများဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ ထုတ်ပေးလျက်ရှိပါတယ်။ နိုင်ငံတကာမှ ထုတ်လုပ်တဲ့ စစ်ဝတ်တန်ဆာနမူနာများကိုလည်း လေ့လာပြီးတော့ မိမိ၏စစ်ဝတ်တန်ဆာပလာပစ္စည်းများကိုလည်း စဉ်ဆက်မပြတ် သုတေသနပြုလုပ်ဆောင်ရွက်ပြီးတော့ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက်လည်း အစဉ်မပြတ် ကြိုးပမ်းလျက်ရှိပါတယ်။

ယခုကျွန်တော်တို့ မေးမြန်းထားတဲ့ ဥပဒေဘွဲ့ရ၊ စီးပွားရေးဘွဲ့ရသူများနှင့် မဟာဘွဲ့လွန်အတွက် အရည်အချင်းမီတူများဖြင့် အခြားနိုင်ငံ့ဝန်ထမ်းများကဲ့သို့ ဘွဲ့လွန်တက်ရောက် နိုင်ရေးနဲ့ပတ်သက်လို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ် စသော ဗိုလ်သင်တန်းကျောင်းအသီးသီးကနေပြီးတော့ မဟာအဆင့်မီသူများကို သက်ဆိုင်ရာဘွဲ့လွန်သင်တန်းများသို့ တက်ရောက်စေလျက်ရှိပါတယ်။ ဒီလိုတက်ရောက်စေတဲ့ နေရာမှာလည်း အဆင့်မီသူအရာရှိများကိုသာ သက်ဆိုင်ရာဘာသာရပ်အလိုက် သက်ဆိုင်ရာတက္ကသိုလ်များတွင် ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ဆောင်ရွက်ခြင်း အောင်မြင်မှသာ မဟာဘွဲ့သင်တန်းများကို တက်ရောက်ခွင့်ပြုစေတာပဲဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် ပြည်တွင်းပြည်ပ တက္ကသိုလ်များမှာ အဆင့်မြင့်ပညာသင်ကြားမှုနှင့် ပတ်သက်ပြီးတော့ Ph.D ဘွဲ့ရသူ များအနေနဲ့ ပြည်တွင်းပြည်ပမှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ ၁၅၃ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ ၈၁ ဦး၊ အင်ဂျင်နီယာ ၈၉ ဦး၊ ဆေး ပညာဘွဲ့ ၁၀၀ ဦး၊ စိတ်ပညာဘွဲ့ ၃ ဦး၊ နိုင်ငံတကာဆက်ဆံရေးဘွဲ့ ၁ ဦး၊ စုစုပေါင်း Ph.D ဘွဲ့ရ ၄၂၇ ဦးဖြစ်ပါ တယ်။ မဟာဘွဲ့ရအနေနဲ့ ပြည်တွင်းပြည်ပအနေနဲ့တင်ပြရ

မယ်ဆိုရင် ဝိဇ္ဇာ/သိပ္ပံ ၃၆၉၅ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ ၂၃၀၃ ဦး၊ အင်ဂျင်နီယာဘွဲ့ ၈၇၇ ဦး၊ ဆေးပညာဘွဲ့ ၁၂၉၃ ဦး၊ ဥပဒေဘွဲ့ ၂၅ ဦး၊ စိတ်ပညာဘွဲ့ ၈ ဦး၊ စီးပွားရေး ဘွဲ့ ၇ ဦး၊ နိုင်ငံတကာဆက်ဆံရေးဘွဲ့ ၆ ဦး၊ စုစုပေါင်း ၈၂၁၄ ဦးဖြစ်ပါတယ်။ Ph.D တက်ရောက်ဆဲအနေနဲ့ ဝိဇ္ဇာ/သိပ္ပံဘွဲ့ ၁၃၂ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ ၁၂၇ ဦး၊ အင်ဂျင်နီယာဘွဲ့ ၇၀ ဦး၊ ဆေးပညာဘွဲ့ ၄၉ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၅ ဦး၊ ဥပဒေဘွဲ့ ၁၃ ဦး၊ စိတ်ပညာဘွဲ့ ၁ ဦး၊ စုစုပေါင်း ၃၉၇ ဦးဖြစ်ပါတယ်။ မဟာဘွဲ့တက်ရောက်ဆဲအနေနဲ့ ပြည်တွင်းပြည်ပဝိဇ္ဇာ/သိပ္ပံဘွဲ့၆၅၇ ဦး၊ ကွန်ပျူတာသိပ္ပံ ၃၅၁ ဦး၊ အင်ဂျင်နီယာဘွဲ့ ၁၉၆ ဦး၊ ဆေးပညာဘွဲ့ ၅၄၃ ဦး၊ သူနာပြုသိပ္ပံ ၃၉ ဦး၊ စိတ်ပညာဘွဲ့ ၁ ဦး၊ နိုင်ငံတကာ ဆက်ဆံရေးဘွဲ့ ၃ ဦး၊ စုစုပေါင်း ၁၇၉၀ ဦးဖြစ်ပါတယ်။ အချုပ်တင်ပြရမယ်ဆိုရင် Doctor of Science ဘွဲ့တက်ရောက်ဆဲအနေနဲ့ ပြည်ပမှာ ၈ ဦးရှိပါတယ်။ Ph.D နှင့် မဟာဘွဲ့ရပြီးသူ ၈၆၄၁ ဦး၊ Ph.D နှင့်မဟာ ဘွဲ့တက်ရောက်ဆဲ ၂၁၈၇ ဦး၊ စုစုပေါင်း ၁၀၈၃၆ ဦးဖြစ်ပါကြောင်း ကျွန်တော်တို့ တင်ပြအပ်ပါတယ်။

အခုနက ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ရဲ့မေးခွန်းနဲ့ ပတ်သက်လို့ မသန်မစွမ်းဖြစ်သွားတဲ့ တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများ အတွက် ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ် (၈) ဖြင့် ၃၀-၃-၂၀၁၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့အတွက် အဆိုပါဥပဒေအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေအဖြစ် ထုတ်ပြန်နိုင်ရေး ဥပဒေမူကြမ်းအား ၂၇-၁၁-၂၀၁၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီးဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ဦးမောင်မောင်ဆွေ ဦးစီးတဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်းရောက်ပြီး မကြာခင်မှာပဲ ဒီနည်းဥပဒေကလည်း အတည်ပြုသွားမယ်လို့ ကြားသိပါတယ်။ ဒါ့ကြောင့်မို့လို့ တပ်မတော်သားများရဲ့ အခက်အခဲများကို စာနာထောက်ထားပြီး ကျွန်တော်တို့ကို ဖြေကြားခွင့်ပြုတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော်၏ဖြေကြားချက် အား နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကော်မတီနဲ့သက်ဆိုင်တဲ့အတွက် အနည်းငယ်လေး တင်ပြခွင့်ပြုပါခင်ဗျား။ တပ်မတော်သာ မကပဲနဲ့ ကျွန်တော်တို့ မသန်စွမ်းသူများရဲ့အခွင့်အရေးများ ဥပဒေကြမ်းကို ကျွန်တော်တို့ဆီမှာရောက် နေပါပြီ။ မကြာခင် ကျွန်တော်တို့ထွက်တော့မှာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ တပ်မတော် သားများနဲ့ပတ်သက်ပြီးတော့ မိသားစုများပါ ထောက်ပံ့စောင့်ရှောက်နိုင်ရေးအတွက် နည်းဥပဒေ

မှုကြမ်းလည်းရောက်ရှိနေပြီဖြစ်တဲ့အတွက် လာမယ့်အဌမပုံမှန် အစည်းအဝေးမှာ တင်ပြဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပြန်လည်ပေးပို့လာသော လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ၂၆-၈-၂၀၁၃ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကော်မတီများက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးနိုင်(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝန်ကြီးများ၊ တက်ရောက်လာကြသူများအားလုံးကို ကျွန်တော့်အနေနဲ့ ဦးစွာဂါရဝပြုအပ်ပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီကိုလည်းပဲ လွှတ်တော်ကိုယခုလို ရှင်းလင်းတင်ပြခွင့်ပြုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးအားလည်း အထူးပဲကျေးဇူးတင်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ယခု ဆက်ပြီးတော့ဆွေးနွေးမယ့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟာ ကျွန်တော်တို့ နိုင်ငံအတွက်ရော ကျွန်တော်တို့ လွှတ်တော်အတွက်ရော အင်မတန်မှအရေးကြီးတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း အင်မတန်မှ ဒီဥပဒေဟာ အရေးကြီးကြောင်းကို လေးလေးနက်နက်ခံယူပြီးတော့ အတတ်နိုင်ဆုံး ကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့နေရာမှာ ကျွန်တော်တို့ တောင်သူလယ်သမားများရဲ့ လိုအားတဲ့တောင့်တချက်များကို အဓိကအခြေခံပြီးတော့ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ မူဝါဒများ၊ နောက် ပညာရှင်များရဲ့ အကြံပြုချက်များ၊ အသင်းအဖွဲ့များနဲ့လည်းကောင်း၊ ၎င်းတို့ရဲ့ဆွေးနွေးပွဲမှရလဒ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များရဲ့ ဆွေးနွေးအကြံပြုချက်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများရဲ့ ရှင်းလင်းဆွေးနွေးချက်များ၊ နောက်နိုင်ငံတကာရဲ့ အတွေ့အကြုံများနဲ့ သုံးသပ်အကြံပြုချက်

များစသည်တို့ကို ကျွန်တော်တို့ အခြေခံပြီးတော့ ဆောင်ရွက်ခဲ့ကြောင်းလည်းပဲ ယခင်တင်ပြပြီးလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၇ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ထဲမှာ ဥပဒေမူကြမ်းကို စတင်ပြီးတော့ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့အခါမှာလည်းပဲ လွှတ်တော် ကိုယ်စားလှယ်များအားလုံး သက်ဆိုင်ရာဝန်ကြီးဌာနများ ကျွန်တော်တို့ ပြည့်ပြည့်စုံစုံ ဆွေးနွေးပြီးတော့ ဒီဥပဒေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုခဲ့ပါတယ်။ အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းကိုလည်းပဲ အမျိုးသားလွှတ်တော်ကို ဆက်ပြီးတော့ ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က အခု ၂၆-၈-၂၀၁၃ မှာ ပြည်သူ့လွှတ်တော်ကို ပြန်ပို့ပါတယ်။ ဒီကြားကာလ အတွင်းမှာ လည်းပဲ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့ ကျွန်တော်တို့ ဒီဥပဒေကို တာဝန် ယူပြီးတော့ပြုစုတဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုကော်မတီကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ဖိတ်ကြားခဲ့ပါတယ်။ ဖိတ်ကြားခဲ့တဲ့အခါမှာ ကျွန်တော်တို့ ကိုယ်တိုင်သွားရောက်ပြီးတော့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ သူတို့ အနေနဲ့ မရှင်းလင်းတဲ့အချက်များကိုလည်းပဲ အဲဒီမှာ အသေးစိတ်ရှင်းလင်းပြီးတော့ ကျွန်တော်တို့ ဆွေးနွေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ သူတို့နဲ့လည်း ကျွန်တော်တို့ အပြန်ပြန်အလှန်လှန် လိုအပ်တာ တွေကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီဥပဒေဟာ ယခု သူတို့ကပြန်ပြီးတော့ ပေးပို့လာ ပါတယ်။ ဒီပေးပို့လာတဲ့ ဥပဒေကိုလည်းပဲ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာလည်းပဲ ဥပဒေမှာ ပါဝင်တဲ့အခန်း ၈ ခန်း ပြောင်းလဲမှုမရှိပါဘူး။ ကျွန်တော်တို့ ဥပဒေရဲ့အနှစ်သာရပိုင်းမှာ ဖြစ်တဲ့ ရည်ရွယ်ချက်ပေါ့။ အခန်း(၂)ကလည်းပဲ ပထမတုန်းကတော့ အချက်သုံးချက်ဖြစ်ပါတယ်။ အဲဒီမှာ အရင်းအနှီးနဲ့ ချေးငွေကိစ္စ၊ နည်းပညာနဲ့ အင်အားစု၊ သွင်းအားစု၊ စျေးကွက်နဲ့စျေးနှုန်း၊ ပြည်သူ့လွှတ်တော်ထဲမှာ လုပ်ကွက်ငယ် တောင်သူလယ်သမားရဲ့အကျိုးစီးပွားကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့ ထပ်ဖြည့်ခဲ့တဲ့အပြင် အခု အမျိုးသားလွှတ်တော်အနေနဲ့လည်းပဲ အခုအချိန်မှာ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို ကူညီပေး နိုင်အောင်ဆိုပြီးတော့ ရည်ရွယ်ချက်ထဲမှာ ထပ်ပြီးတော့ ဖြည့်ဆည်းဆောင်ရွက်ပေးတာလည်းပဲ ဒီနေ့ ဒီအချိန်အခါနဲ့ပိုပြီးတော့ ဆီလျော်ပြည့်စုံပြီးတော့ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကို မြှင့်တင်နိုင်တယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ နောက်ပြီးတော့ ဒီဥပဒေထဲမှာပါတဲ့ ဥပဒေပါအချက်အလက်များကို ဦးဆောင်ပြီး ဆောင်ရွက်မယ့် ဦးဆောင်အဖွဲ့ကနေ ပြီးတော့ လုပ်သွားရမယ့်လုပ်ငန်းတာဝန်တွေကလည်းပဲ ကျွန်တော်တို့လိုလားတဲ့ တောင်သူလယ်သမား တွေရဲ့ အခွင့်အရေးကာကွယ်ခြင်းနဲ့ အကျိုးစီးပွားမြှင့်တင်တဲ့အပိုင်းကို တောင်သူလယ်သမားတွေရဲ့

ဆန္ဒနဲ့အညီ ဆောင်ရွက်နိုင်တဲ့ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ တောင်သူလယ်သမားများနဲ့ပတ်သက်လို့ လက်ရှိကျင့်သုံးနေတဲ့ တည်ဆဲဥပဒေများဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဥပဒေများနဲ့လည်းပဲ ဆန့်ကျင်မှုမရှိဘဲနဲ့ အားလုံး က ဆက်စပ်ပြီးတော့ ဆောင်ရွက်နိုင်ကြောင်းလည်း တွေ့ရှိရပါတယ်။ နောက်ကျွန်တော်တို့ ကော်မတီ အနေနဲ့လည်းပဲ ဒီဥပဒေကို ပိုပြီးတော့ အသက်ဝင်အောင်လို့ နောက်ထပ်လိုအပ်နေတဲ့ ဓာတ်မြေဩဇာ ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ မျိုးစေ့ဥပဒေ၊ နောက် ငါးလုပ်ငန်းနဲ့ဆိုင်တဲ့ ဥပဒေတွေကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဆွေးနွေးတိုင်ပင်ပြီးတော့ လွှတ်တော်အတွင်းကို အမြန်ဆုံးဆက်လက် တင်ပြနိုင်အောင်လည်း ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ခြုံပြီးတော့ ကြည့်လိုက် လို့ရှိရင်လည်းပဲ အမျိုးသားလွှတ်တော်ကနေပြီးတော့ ပြန်လည်ပေးပို့လိုက်တဲ့ ဥပဒေဟာ ကျွန်တော်တို့ ရဲ့ရည်ရွယ်ချက်များ၊ ကျွန်တော်တို့တင်ပြထားတဲ့ အချက်များနဲ့ကွဲလွဲမှုမရှိဘဲနဲ့ ဥပဒေကိုပိုပြီးတော့ ပြည့်စုံကောင်းမွန်သွားစေတာကိုလည်းပဲ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြချင်တာကတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် အကျိုးစီးပွားကို ဆောင်ရွက်မယ်ဆိုပြီးတော့ စစ်မှန်သော စေတနာကို ကျွန်တော်တို့ အရင်းခံပြီးတော့ မူတည်ခဲ့ပါတယ်။ ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ သက်ဆိုင်ရာဆောင်ရွက်ရမယ့်သူအားလုံးဟာလည်းပဲ ပေါင်းစပ် ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဒီထွက်ပေါ်လာတဲ့ အခု ဥပဒေကြမ်းဟာ ဆိုလို့ရှိရင် နိုင်ငံတော်အတွက်ကော၊ တောင်သူလယ်သမားတွေအတွက်ကောအင်မတန်မှ အကျိုးဖြစ် ထွန်းမယ့်ဥပဒေဖြစ်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ အလေးအနက်ထားယုံကြည်ကြောင်း လည်းတင်ပြ အပ်ပါတယ်။ ဒါကြောင့်မို့လို့ အခုဥပဒေကနေပြီးတော့ ဖြစ်ပေါ်ပြီးပေးလာမည့် တောင်သူလယ်သမား တွေအတွက်ဖြစ်စေမည့် အကျိုးရလဒ်ကို တောင်သူလယ်သမားများ အမြန်ဆုံးရရှိခံစားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြန်လည်ပြင်ဆင်ပေးပို့လာပါတယ်။ ဒီပေးပို့လာချက်နှင့် ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြပေးပို့လာတဲ့ဥပဒေကြမ်းကို သဘောတူပါ သလား။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို သဘောတူလက်ခံ၍ တောင်သူ

လယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြန်လည်ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့လာသော ကာလစည်းကမ်းသတ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော ကာလစည်းကမ်းသတ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် မူလကသတ်မှတ်ထားသော်လည်း ပြင်ဆင်ချက်တင်သွင်းလာမှုများရှိနေ၍ ဒီအစီအစဉ်ကို ရွှေ့ဆိုင်းထားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရကပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ၂၁-၈-၂၀၁၃ ရက်နေ့ မှာလက်ခံရရှိပါတယ်။ ဒီဥပဒေကြမ်းနှင့်အလားတူ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ၁၆-၇-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုထပ်မံတင်ပြလာတဲ့ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်းဟာ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးနေတဲ့ ဥပဒေကြမ်းနှင့် တစ်ထပ်တည်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်ကပေးပို့လာတဲ့ မြန်မာနိုင်ငံ

အင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ဆက်လက်လက်ခံဆွေးနွေးရန် မလိုအပ်ဘဲ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့သွားမှာဖြစ်ပါတယ်။

## စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကတင်သွင်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၁၀ ကိုဆက်လက်ဆောင်ရွက်သွားပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ဖြစ်တဲ့ ၁၉-၈-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားရှင်းလင်း ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်က ပြီးခဲ့တဲ့ အစီအစဉ် ၉ နဲ့ဆက်စပ်မှု ရှိပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောမတူသူမရှိတဲ့ အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်(သောကြာနေ့)

၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]